စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

## အမှတ်စဉ် ၁/၂၀၂၆

**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- မြင်းခြံမြို့နယ်၏ ပဲစင်းငုံဈေးနှုန်းများကျဆင်းလာခြင်း
- မြင်းခြံမြို့၏ ချင်း(ဂျင်း)ဈေးနှုန်းမြင့်တက်လာခြင်း
- ကန့်ဘလူမြို့နယ်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ
- ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်နေသည့် ဂေါ်ဖီထုပ်နှင့် ပန်းဂေါ်ဖီ
- တည်သီးဈေးနှုန်းဈေးကွက်

**နိုင်ငံတကာဈေးကွက်**

- ၂၀၂၆ ခုနှစ်တိုင်အောင် ဆန်ဈေးနှုန်းများ နိမ့်ကျနေမည်ဟု အိန္ဒိယကုန်သည်အသင်းပြောဆို
- ပါကစ္စတန်- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်ဆက်ဆံမှု တိုးတက်လာသည်နှင့်အမျှ ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ်သို့ ဆန်တန်ချိန် ၁၀၀,၀၀၀ တင်ပို့တော့မည်
- ဗီယက်နမ်၏ ၂၀၂၅ ခုနှစ် ဆန်တင်ပို့မှု ၁၁ ဒသမ ၅ ရာခိုင်နှုန်းအထိ လျော့နည်းဖွယ်ရှိ
- မိုဇမ်ဘစ်၊ မြန်မာနှင့် မာလာဝီတို့ထံမှ ပဲမျိုးစုံတင်သွင်းရန် သဘောတူညီချက်များကို အိန္ဒိယဘက်မှ သက်တမ်း တိုးမြှင့်ဖွယ်ရှိ
- မလေးရှားတွင် ဆီအုန်းစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုကြောင့် နိုဝင်ဘာလ၌ စားအုန်းဆီကြမ်း ထုတ်လုပ်မှု ကျဆင်း
- ထိုင်းနိုင်ငံ၏ ပုစွန်တင်ပို့မှုသည် ၂၀၂၆ ခုနှစ်တွင် ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း Thai Shrimp Association က သုံးသပ်ပြောကြားခဲ့
- ရုရှားနှင့် ထိုင်းနိုင်ငံတို့ ဒစ်ဂျစ်တယ်ယွမ်ပလက်ဖောင်းကို အသုံးပြု၍ ငွေပေးချေမှုဆိုင်ရာများ ဆောင်ရွက်နေ
- ရုရှားသည် အိန္ဒိယမှ သွင်းကုန်တိုးမြှင့်တင်သွင်းနိုင်ရန် ရည်ရွယ်
- ရာသီအလိုက် ဝယ်လိုအားအရ စားအုန်းဆီကုန်သွယ်မှု ပြန်လည်သွက်လက်လာ
- ၂၀၂၅ ခုနှစ်တွင် ကော်ဖီတင်ပို့မှုမှတစ်ဆင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ရရှိရန် ခန့်မှန်းရသည့် ဗီယက်နမ်
- တရုတ်နိုင်ငံ၏ အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒသည် ယူဂန်ဒါမှ ကော်ဖီ တင်ပို့မှုအတွက် ဈေးကွက်သစ်ဖွင့်လှစ်ပေး
- အိန္ဒိယနိုင်ငံသို့ ပန်းသီးများ ကွန်တိန်နာ ၁၂ လုံးခန့်တင်ပို့တော့မည့် Afghanistan နိုင်ငံ
- ရွှေ၊ ကျောက်မီးသွေးနှင့် သတ္တုရိုင်းများအတွက် ပို့ကုန်အခွန်တွက်ချက်မှုကို

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၉၀
http://www.myantrade..org

အတည်ပြုလိုက်သည့် အင်ဒိုနီးရှား

- ဗီယက်နမ်နှင့်တရုတ် နှစ်နိုင်ငံကြား ပိန္နဲသီးတင်ပို့မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းစနစ် လက်မှတ်ရေးထိုး
- ဗီယက်နမ်သည် ၂၀၂၅ ကို လယ်ယာပို့ကုန်အတွက် အောင်မြင်သောနှစ်အဖြစ် မျှော်မှန်းထား
- တရုတ်-ဗီယက်နမ် လေကြောင်းလိုင်းသစ်က အာဆီယံနိုင်ငံများနှင့်ဆက်ဆံရေးကို မြှင့်တင်ပေး လျက်ရှိ
- ၂၀၂၅ ခုနှစ်အတွင်း ၄ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မှုခန့်မှန်းချက်ဖြင့် ယူအေအီးနိုင်ငံ၏ စီးပွားရေးသည် ပင်လယ်ကွေ့ဒေသ၏အလားအလာတွင် ဦးဆောင်လျက်ရှိ
- ဗီယက်နမ်နှင့် ဈေးကွက်ဝေစုယှဉ်ပြိုင်နိုင်ရေး ဖိလစ်ပိုင်၏ အုန်းသီးထုတ်ကုန်များ တန်ဖိုးမြှင့်ရန် လိုအပ်
- ၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ Geographical Indication (GI) ထုတ်ကုန်များမှ ဝင်ငွေ ဘတ် ၁၁၄ ဘီလီယံရရှိခဲ့

### ပြည်တွင်းကုန်သွယ်မှုသတင်း

- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှု မြှင့်တင်ရေးကောင်စီ၏ (၃/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား

### ပြည်ပကုန်သွယ်မှုသတင်း

- ဒေသတွင်းစီးပွားရေးလမ်းကြောင်းငါးခုကို ဆက်သွယ်ပေးမည့် ရနောင်းဆိပ်ကမ်း ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းကို စတင်
- ပြည်ပပို့ကုန်ဈေးကွက်တွင် အရောင်းအဝယ်သွက်နေသည့် မြန်မာ့ပို့ကုန် ပုစွန်အမျိုးမျိုး
- ယခုနှစ်အတွင်း ပြည်ပသို့ ထောပတ်သီးတန်ချိန် ၅၀၀၀ ခန့်တင်ပို့နိုင်ရန် မျှော်မှန်းထား

### အထူးဆောင်းပါးများ

- ဆန်၏အရသာနှင့် ပင်ရင်းကို အခြေခံ၍ 'Exquisite Rice' အမှတ်တံဆိပ်ကို ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့
- အိန္ဒိယနိုင်ငံသည် ကိုယ်တိုင်ဖူလုံမှုရှိသော်လည်း အနီးအနားနိုင်ငံများမှ ကွမ်းသီးတင်သွင်းမှု မြင့်တက်လာ

### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ

## ပြည်တွင်းဈေးကွက်

### မြင်းခြံမြို့နယ်၏ ပဲစင်းငုံဈေးနှုန်းများကျဆင်းလာခြင်း

မြင်းခြံမြို့နယ်သည် ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံနှင့် ကြက်သွန်နီသီးနှံများ စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံသီးနှံကိုလည်း တောင်သူများအနေဖြင့် နှစ်စဉ်စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း၊ ဒေသတွင်း စိုက်ပျိုး သောမျိုးမှာ ပဲစင်းငုံအဖြူမျိုးနှင့် အနီမျိုးများကိုသာစိုက်ပျိုးကြောင်း၊ ယခု ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၌ မြင်းခြံ ကုန်စည်ဒိုင်တွင် ပဲစင်းငုံဖြူတစ်တင်းလျှင် ၇၀,၀၀၀ ကျပ်၊ ပဲစင်းငုံနီ တစ်တင်းလျှင် ၇၉,၀၀၀ ကျပ်ခန့် ပေါက်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်လ နိုဝင်ဘာလ၌ ပဲစင်းငုံဖြူတစ်တင်းလျှင် ၇၃,၀၀၀ ကျပ်၊ ပဲစင်းငုံနီတစ်တင်းလျှင် ၈၁,၀၀၀ ကျပ်ခန့်ပေါက်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်လနှင့် နှိုင်းယှဉ်ပါက ယခုလတွင် ပဲစင်းငုံဖြူ တစ်တင်းလျှင် ၃,၀၀၀ ကျပ်၊ ပဲစင်းငုံနီတစ်တင်းလျှင် ၂,၀၀၀ ကျပ်ခန့်ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊ ပဲသစ်များထွက်ပေါ်ခါနီးပြီဖြစ်၍ ပဲစင်းငုံဟောင်းများ အရည်အသွေးကျဆင်းလာသောကြောင့် ဈေးနှုန်းများကျဆင်းခြင်းဖြစ်ကြောင်း၊ ပဲအရည်အသွေးပေါ် အခြေခံပြီး ဈေးဖြတ်၍၊ အရောင်းအဝယ်ပြုလုပ်ကြကြောင်း ယခုအချိန်၌ လက်ကျန်ပဲစင်းငုံများလည်း လျော့နည်း လာပြီဖြစ်၍ အိတ်အနည်းငယ်သာ အရောင်းအဝယ်ပြုလုပ်ကြကြောင်း၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၏ ပြောပြချက်အရ သိရသည်။

Source: https://www.doca.gov.mm/my/node/61060

## မြင်းခြံမြို့၏ ချင်း(ဂျင်း)ဈေးနှုန်းမြင့်တက်လာခြင်း

စားဖိုဆောင်အုပ်စုဝင်ဖြစ်သော ချင်း(ဂျင်း)သီးနှံကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် လူအများအသုံးပြုကြကြောင်း၊ မြင်းခြံမြို့နယ်အတွင်းရောင်းချနေသောချင်းများကို ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့ နှင့် မန္တလေးမြို့ကုန်စိမ်းပွဲရုံများမှ တင်သွင်းရောင်းချကြောင်း၊ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ၌ အေးမြသီတာဈေးနှင့် စံပြဈေးများတွင်ရောင်းချနေသော ချင်းတက်အသစ် အခက်ကြီး တစ်ပိဿာလျှင် ၆၅၀၀ ကျပ်၊ ချင်းတက် အလတ် တစ်ပိဿာလျှင် ၅၅၀၀ ကျပ်၊ ချင်းတက်အငယ် တစ်ပိဿာလျှင် ၄၀၀၀ ကျပ်ခန့် ပေါက်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်လနှင့်နှိုင်းယှဉ်ပါက ယခုလတွင် ချင်းတက်အစစုံ တစ်ပိဿာလျှင် ၁၀၀၀ ကျပ်ခန့်ဈေးမြင့်တက်ခဲ့ကြောင်း၊ ဂျင်းတက်အသစ်များ အရည်အသွေးကောင်းပြီး အထားခံသော ကြောင့် ဈေးမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ချင်းတက်သည်ကိုယ်ခံအားကောင်းသောကြောင့် စားသုံးမှုများပြားပြီး အရောင်းအဝယ်ကောင်း ကြောင်း ကုန်စိမ်းရောင်းချသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဟင်းခတ်အမွှေးအကြိုင်အဖြစ် ကြက်သွန်ဖြူ၊ ငရုတ်ကောင်းနှင့်ရောစပ်ကာ ဟင်းလျာများတွင် ချက်ပြုတ်စားသုံးကြ ကြောင်း၊ စားသောက်ကုန်၊ ဆေးဝါး၊ စက်မှုလုပ်ငန်း စသည့်နယ်ပယ်စုံတွင် အသုံးပြုကြကြောင်း၊ ချင်းသည် သဘာဝဆေးဘက် ဝင် အပင်ဖြစ်သလို စီးပွားရေးအရလည်း အရေးပါသော သီးနှံတစ်ခု ဖြစ်ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/61055

## ကန့်ဘလူမြို့နယ်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ စားဖိုဆောင် သီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ မုန်လာဥဖြူ၊ မုန်လာထုပ်တို့လည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြကြောင်း၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ကာဘိုးကျေးရွာနှင့် အခြားသော ကျေးရွာများတွင် မိသားစုစားသုံးရန်နှင့် ပိုလျှံသည်များကို ရောင်းချ ရန်အတွက် ကြက်သွန်နီနှင့် ကြက်သွန်ဖြူကို ရာသီချိန်အလိုက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ပထမပတ်အတွင်း ကန့်ဘလူမြို့မဈေးတွင် ဒေသထွက်ကြက်သွန်နီ အလုံးကြီး ၁ ပိဿာလျှင် ၁၈၀၀ ကျပ်နှင့် အလတ် ၁ ပိဿာလျှင် ၁,၅၀၀ ကျပ်၊ အသေး ၁ ပိဿာလျှင် ၁,၃၀၀ ကျပ်၊ ကြက်သွန်ဖြူဗမာသေး ၁ ပိဿာ လျှင် ၇,၀၀၀ ကျပ်၊ အကြီး ၁ ပိဿာလျှင် ၆,၅၀၀ ကျပ်နှင့် ရှမ်းဖြူ ၁ ပိဿာလျှင် ၆,၀၀၀ ကျပ်ဖြင့်ရောင်းချလျက်ရှိရာ နိုဝင်ဘာလ စတုတ္ထပတ်၏ ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ဒီဇင်ဘာလ ပထမပတ်အတွင်း ကြက်သွန်နီ ၁ ပိဿာလျှင် ၃၀၀ ကျပ်ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

Source: https://www.doca.gov.mm/my/node/61077

## ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်နေသည့် ဂေါ်ဖီထုပ်နှင့် ပန်းဂေါ်ဖီ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့မဈေးရှိ ဟင်းသီးဟင်းရွက်ဈေးတန်း၌ အရောင်းအဝယ်ဖြစ်လျက် ရှိသော ဂေါ်ဖီထုပ်နှင့် ပန်းဂေါ်ဖီများကို အိမ်ရှင်မများက အိမ်သုံးအတွက် ဝယ်ယူ ကြသလို ထမင်းဆိုင်နှင့် စားသောက်ဆိုင်များမှ အဓိကဝယ်ယူကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ပထမပတ်အတွင်း ဂေါ်ဖီထုပ်အကြီး ၁ ထုပ်လျှင် ၅,၀၀၀ ကျပ်၊ အသေး ၁ ထုပ်လျှင် ၄,၅၀၀ ကျပ်ဖြင့်ရောင်းချကြောင်း၊ ပန်းဂေါ်ဖီတစ်ပွင့်လျှင် ၄,၀၀၀ ကျပ်နှင့် ပန်းဂေါ်ဖီ အသေး ၁ ပွင့်လျှင် ၃,၀၀၀ ကျပ်ဖြင့် ရောင်းချ လျက်ရှိရာ၊ နိုဝင်ဘာလ စတုတ္ထပတ်၏ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဒီဇင်ဘာပထမပတ်အတွင်း ဂေါ်ဖီထုပ် ၁ ထုပ်လျှင် ၅၀၀ ကျပ် ဈေးနှုန်းဆက်လက်မြင့်တက်လာကြောင်း ကုန်စိမ်းရောင်းချသည့် လုပ်ငန်းရှင်များထံမှ သိရသည်။

Source: https://www.doca.gov.mm/my/node/61063

## တည်သီးဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီးဈေးကွက်အတွင်း တည်သီးများ အောက်တိုဘာလဆန်းမှ စတင်ဝင်ရောက်လာကာ ဒီဇင်ဘာလ လယ်အထိ ဈေးကွက်တွင်အဓိကတွေ့ရှိနိုင်ပြီး နိုဝင်ဘာလသည် ရာသီအမြင့်ဆုံးကာလဖြစ်သည်။ အဓိကအနေဖြင့် ရှမ်းပြည် နယ်၊ တောင်ကြီးနှင့်အနီးပတ်ဝန်းကျင်ဒေသများတွင် စိုက်ပျိုးကာ မန္တလေးတိုင်းဒေသကြီးအတွင်းလည်း စိုက်ပျိုးကြကြောင်း သိရသည်။ ရောင်းချမှုတွင် ဈေးကွက်တွင်း ပြည်တွင်းဈေးကွက်ဝယ်လိုအားကောင်းမွန်ပြီး အရည်အသွေးမြင့် တည်သီးများကို လက်ဆောင်ပေးခြင်းများ၊ သစ်သီးဆွမ်းကပ်လှူခြင်းများတွင်အသုံးပြုကြသည်။ တည်သီးဈေးသည် ရာသီဥတုဒဏ်၊ နေရာဒေသ၊

သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်နှင့် ဈေးကွက်ရာသီအနေအထားပေါ်မူတည်၍ ဈေးနှုန်းအနည်းငယ်ပြောင်း လဲလျက်ရှိသည်။ မန္တလေးမြို့ဈေးကွက်အတွင်း တည်သီးတစ်လုံးလျှင် ကျပ် ၃,၅၀၀ မှ ၄,၀၀၀ အထိ ရောင်းချ လျက်ရှိပြီး အသီးအရွယ်အစား အကြီးအသေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားလျက်ရှိကြောင်း သိရသည်။

Source: https://myantrade.gov.mm/article/naypyitaw_23122025%201155

## နိုင်ငံတကာဈေးကွက်

### ၂၀၂၆ ခုနှစ်တိုင်အောင် ဆန်ဈေးနှုန်းများ နိမ့်ကျနေမည်ဟု အိန္ဒိယကုန်သည်အသင်း ပြောဆို

ကမ္ဘာ့ထိပ်တန်းဆန်ထုတ်လုပ်ရောင်းချသည့်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံက ဆန်ပိုလျှံမှုကြောင့် ဆန်ဈေးနှုန်းများ နိမ့်ကျမှုသည် ယခုနှစ်ကုန်ပိုင်းမှ ၂၀၂၆ ခုနှစ်အတွင်း ဆက်လက်ကြာရှည်နိုင်ကြောင်း သတိပေးခဲ့သည်။ ထို့ပြင်အရှေ့တောင်အာရှတွင် ရာသီဥတုဖောက်ပြန်နေမှုကြောင့် ထုတ်လုပ်မှုကို ထိခိုက်စေနိုင် ကြောင်း သိရသည်။

ကမ္ဘာ့အဓိက ဆန်ထုတ်လုပ်သည့် နှစ်နိုင်ငံဖြစ်သည့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် ယခင်လများအတွင်း ထုတ်လုပ်မှုကို ကျဆင်းစေနိုင်သည့် ရာသီဥတုဆိုးဝါးခြင်းများကို ကြုံတွေ့နေရပြီး အရှေ့တောင်အာရှ ဆန်ဈေးကွက်သည် မတည်ငြိမ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ အိန္ဒိယ ဆန်တင်ပို့ရောင်းချသူများ အသင်းချုပ် (IREF) က အဆိုပါ ဆန်တင်ပို့သည့် အရှေ့တောင်အာရှနှစ်နိုင်ငံ၏ ဆန်ထုတ်လုပ်မှု ကျဆင်းခြင်းသည် အနည်းဆုံး ယာယီအခိုက်အတန့်ကာလတစ်ခုအတွင်း ကမ္ဘာ့ဆန်ဈေးကွက်အပေါ် သက်ရောက်မှုရှိနိုင် ကြောင်း ပြောကြားခဲ့သည်။

နယူးဒေလီမြို့အခြေစိုက် IREF အသင်းချုပ်ဥက္ကဋ္ဌ Dr Prem Garg က Bernama သတင်းဌာနသို့ ပြောကြားရာတွင် ၂၀၂၅ ခုနှစ်တစ်လျှောက်လုံးနှင့် ၂၀၂၆ ခုနှစ်တို့တွင် ဈေးကွက်အတွင်း ကမ္ဘာ့ဆန်ဈေးနှုန်းများ နိမ့်ကျနေဦးမည်ဖြစ်ကြောင်း၊ ပြင်းထန်သော ဈေးကွက်မတည်ငြိမ်မှုများကို သုံးနှစ်ကြာခံစားခဲ့ရပြီးနောက် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ဆန်ထုတ်လုပ်မှု မက်ထရစ်တန် ၅၄၁ သန်းရှိခဲ့မှုနှင့်အတူ ဈေးကွက်ပိုလျှံမှုကို ရင်ဆိုင်နေရပြီး ယင်းအခြေအနေသည် ဈေးနှုန်းကျဆင်းမှုများကို ဖိအားပေး နေကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ ချေးငွေအန္တရာယ် စီမံခန့်ခွဲမှုကုမ္ပဏီဖြစ်သည့် ပြင်သစ်အခြေစိုက် Coface ၏ ထုတ်ပြန်ချက်အရ အိန္ဒိယသည် ဘာစမာတီမဟုတ်သော ဆန်တင်ပို့မှု ပိတ်ပင်ချက်ကို ရုပ်သိမ်းခဲ့သည့် တစ်နှစ်အတွင်း ဆန်ဈေးနှုန်းများ ၃၅ ရာခိုင်နှုန်း ကျဆင်းသွားပြီး နိုင်ငံတကာ ဆန်ဈေးကွက်သည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အနိမ့်ဆုံးကြုံခဲ့ရသည့် ဆန်ဈေးနှုန်းများအနက် တစ်ခုအဖြစ် ကြုံတွေ့နေရသည်။

ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများသည် မက်ထရစ်တန် တစ်တန်လျှင် မလေးရှားရင်းဂစ် ၁၄၈၈ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၃၆၀ ဝန်းကျင်ခန့်တွင်ရှိနေကြောင်း၊ ဒေသတွင်း ဆန်ဈေးကွက်သည် ယခုနှစ်အတွင်း စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရကြောင်း၊ နှစ်စဉ် ဆန်မက်ထရစ်တန်ပေါင်း ၈ သန်းခန့် တင်ပို့လေ့ရှိသည့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် လက်ရှိတွင် မိုးသည်းထန်စွာရွာခြင်း၊ ရေလွှမ်းခြင်းနှင့် မြေပြိုမှုများကြုံတွေ့နေရပြီး လယ်ကွင်းအချို့ ပျက်စီးခဲ့ရကြောင်း၊ အဆိုပါ အခြေအနေသည် လာမည့်လများအတွင်း ဆန်တင်ပို့မှုကို ထိခိုက်စေနိုင်ကြောင်း သိရသည်။

အဓိက ဆန်တင်သွင်းသည့် နှစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၎င်းတို့၏ ပြည်တွင်းဈေးကွက်ကို ကာကွယ်ရန် ဆန်တင်သွင်းမှုကို ယာယီပိတ်ပင်ခဲ့ကြောင်း၊ အရှေ့တောင်အာရှ၌ ရာသီဥတုဆိုးရွားမှု (ရေလွှမ်းခြင်း၊ မိုးရေချိန်မမှန်ခြင်းနှင့် ဆားငန်ရေဝင်ရောက်ခြင်း)သည် ထိုင်းနှင့် ဗီယက်နမ်ကဲ့သို့သော ဆန်အဓိကထုတ်လုပ်သည့်နိုင်ငံများတွင် ဖြစ်ပွားပါက ကမ္ဘာ့ဆန်ထောက်ပံ့မှုကိုထိခိုက်စေနိုင်ပြီး ကမ္ဘာ့ဆန်ဈေးနှုန်းများကို လွှမ်းမိုးနိုင်ကြောင်း၊ သို့သော် စုစုပေါင်း အကျိုးသက်ရောက်မှုသည် ရာသီဥတုနှင့်ဆက်စပ်သောဆုံးရှုံးမှုများကို အိန္ဒိယကဲ့သို့အခြားဒေသများမှထုတ်လုပ်မှုနှင့် ကမ္ဘာ့လိုအပ်ချက်တို့က မည်မျှ တုံ့ပြန်ဖြေရှင်းနိုင်သည့်အပေါ် မူတည်နေကြောင်း သိရသည်။

အဆိုပါ ဆန်တင်သွင်းမှု ယာယီပိတ်ပင်ချက်များသည် လာမည့်ကာလအတွက် ဆန်တင်သွင်းမှု လိုအပ်ချက်ကို လျော့နည်းစေပြီး ကမ္ဘာ့ဆန်ဈေးနှုန်းများအပေါ်ဖိအားကျဆင်းမှုကို တည်ငြိမ်စေနိုင်သော်လည်း ၎င်းတို့သက်သက်ဖြင့် ပိုလျှံမှုကြောင့်ဖြစ်သော ကျယ်ပြန့်သည့်အားနည်းမှုကို ပြန်လည်ပြောင်းလဲနိုင်မည်မဟုတ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၂၅-၂၀၂၆ ကာလအတွင်း ဆန်မက်ထရစ်တန် ၂၄ သန်းမှ ၂၅ သန်း အထိ တင်ပို့ဖွယ်ရှိကြောင်းဖြင့် ဆန်လုပ်ငန်းနယ်ပယ်၌ နှစ်ပေါင်း ၁၁၈ နှစ်ကြာမျှလုပ်ကိုင်လာခဲ့သော Shri Lal Mahal Group ၏ ဥက္ကဋ္ဌ ဖြစ်သူ Garg က ပြောကြားခဲ့သည်။

Bernama, December 2, 2025 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/59754

## ပါကစ္စတန်-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်ဆက်ဆံမှု တိုးတက်လာသည်နှင့်အမျှ ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ်သို့ ဆန်တန်ချိန် ၁၀၀,၀၀၀ တင်ပို့တော့မည်

ပါကစ္စတန်-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်ဆက်ဆံရေး တိုးတက်လာသည်နှင့်အမျှ ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ်သို့ ဆန်တန်ချိန် ၁၀၀,၀၀၀ တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း၊ ပါကစ္စတန်၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း (Trading Corporation Pakistan -TCP) က ဆန်တင်ပို့ရန် တင်ဒါခေါ်ယူခဲ့ပြီး၊ ယင်းသည် ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ခဲ့သော အကြီးမားဆုံး ဆန်တင်ပို့မှုဖြစ်လာမည်ဟု TCP မှ အရာရှိတစ်ဦးကဆိုသည်။ နှစ်နိုင်ငံအကြား ဆန်ကုန်သွယ်မှုကို ယခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်စတင်ခဲ့ရာ ပထမအသုတ်အဖြစ် ဆန်တန်ချိန် ၅၀,၀၀၀ ကို ပါကစ္စတန်က တင်ပို့ခဲ့ကြောင်း၊ outlookindia သတင်းဌာနက ဖော်ပြထားသည်။

ပါကစ္စတန် ထိပ်တန်းဆန်တင်ပို့သူတစ်ဦးက ဘင်္ဂလားဒေ့ရှ်နှင့် ကုန်သွယ်မှုအခြေအနေ ပိုမိုအားကောင်းလာခြင်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်အတွင်း ပို့ကုန် ၂၈ ရာခိုင်နှုန်း ကျဆင်းခဲ့သော ပါကစ္စတန်ဆန်လုပ်ငန်းကို မြှင့်တင်ပေးနိုင်ကြောင်း၊ ပို့ကုန်ကျဆင်းရခြင်းမှာ ယမန်နှစ်က အိန္ဒိယဆန်တင်ပို့မှုပြန်လည်စတင်ခြင်း၊ အစိုးရ၏ ကုန်သွယ်မှုအတားအဆီးများ၊ ဘာစမတီဆန် အနိမ့်ဆုံးပို့ကုန် ဈေးနှုန်းသတ်မှတ်ချက်ကို ဖယ်ရှားခြင်း၊ အရည်အသွေးညံ့ဆန်ပို့ကုန်များကြောင့် ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်မှ စ၍ ပါကစ္စတန် ပို့ကုန်လုပ်ငန်းရှင်များသည် အိန္ဒိယနှင့် အောင်မြင်စွာယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ထို့ပြင် အမေရိကန်က ဘာစမာတီဆန်အပါအဝင် အိန္ဒိယကုန်ပစ္စည်းများအပေါ် ၅၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုက အမေရိကန်ဈေးကွက်၌ ပါကစ္စတန် ဆန်တင်ပို့မှုပိုမိုတိုးမြှင့်ရန်အခွင့်အလမ်း ပေါ်ပေါက်လာကြောင်း ပြောကြားခဲ့သည်။

ပါကစ္စတန်အစိုးရက နိုဝင်ဘာ ၂၈ ရက်နေ့ပိတ်မည့်တင်ဒါတွင် ဆန်အရည်အသွေးနှင့် အနည်းဆုံးဈေးစသည့်သတ်မှတ်ချက်များအပြင် တင်ဒါအောင်မြင်၍ စာချုပ်ပြီးသည်နှင့် ၄၅ ရက်အတွင်း ဆန်တင်ပို့ရန် အသင့်ဖြစ်နေရမည်ဟု (TCP) ကုန်သွယ်ရေးကော်ပိုရေးရှင်းက ဖော်ပြထားသည်။

ရင်းမြစ်။www.outlookindia.com, Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_05122025%201317

## ဗီယက်နမ်၏ ၂၀၂၅ ခုနှစ် ဆန်တင်ပို့မှု ၁၁ ဒသမ ၅ ရာခိုင်နှုန်းအထိ လျော့နည်းဖွယ်ရှိ

ယခုနှစ်တွင် ဖိလစ်ပိုင်သို့တင်ပို့မှုသိသာစွာကျဆင်းခဲ့သဖြင့် ဗီယက်နမ်နိုင်ငံ၏ဆန်တင်ပို့မှုသည် ၁၁ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းလျက် မက်ထရစ်တန် ၈ သန်းဝန်းကျင်ခန့်သာရှိမည်ဟု ခန့်မှန်းရကြောင်း ဗီယက်နမ် စားသောက်ကုန်အသင်းဥက္ကဋ္ဌက ဒီဇင်ဘာ ၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့၏နောက်၌ တတိယမြောက်အကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်ပြီး ၎င်း၏အဓိကဈေးကွက်များမှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် အာဖရိကတို့ ဖြစ်ကြသည်။ ၎င်း၏အကြီးဆုံး ဈေးကွက်ဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၌ တောင်သူများကို ကာကွယ်ရန်အတွက် ဆန်တင်သွင်းမှုကို အစိုးရကတားမြစ်ခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံ၏ ဖိလစ်ပိုင်သို့ ဆန်တင်ပို့မှုများမှာ စက်တင်ဘာလတွင် ရပ်ဆိုင်းသွားခဲ့သည်။ ယင်းတားမြစ်ချက်သည် ယခုနှစ်ကုန်အထိ သက်ရောက်မည်ဖြစ်သည်။ ဖိလစ်ပိုင်အနေဖြင့် ဆန်တင်သွင်းမှု ပိတ်ပင်ထားခြင်းကို ထပ်မံသက်တမ်းတိုးသွားရန် ဖြစ်နိုင်ချေများစွာရှိကြောင်း ဗီယက်နမ်စားသောက်ကုန်အသင်း ဥက္ကဋ္ဌ Do Ha Nam က Reuters သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဗီယက်နမ်၏ အကောက်ခွန်ဆိုင်ရာ အချက်အလက်များအရ ယခုနှစ်၏ ပထမ ၁၀ လတာကာလအတွင်း ဖိလစ်ပိုင်သို့ ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်၏ အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၈ ဒသမ ၅ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး တန်ချိန် ၂ ဒသမ ၉၆ သန်းသို့ ကျဆင်းခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာဆန်လိုအပ်ချက် ဝယ်လိုအားသည် ဆက်လက်ခိုင်မာနေဆဲဖြစ်ကြောင်း၊ ဗီယက်နမ်သည်အရည်အသွေးမြင့်မားသော ဆန်ထုတ်လုပ်မှုအပေါ်အာရုံစိုက်လျက် အခြားသောဈေးကွက်များသို့တင်ပို့မှုကို မြှင့်တင်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အရည်အသွေးမြင့်ဆန်များအတွက် ပြင်းထန်သောဈေးကွက်ပြိုင်ဆိုင်မှုနှင့် ရင်ဆိုင်နေရခြင်းမရှိ

ကြောင်းနှင့် တစ်နှစ်တာ ဆန်တင်ပို့မှုကို တန်ချိန် ၈ သန်းမှ ၉ သန်းအတွင်း ဆက်လက်ထိန်းထားနိုင်မည်ဟု ယုံကြည်ကြောင်း Mr. Nam က ဖြည့်စွက် ပြောကြားခဲ့သည်။

၎င်း၏အဆိုအရ ရေရှည်တွင် ဗီယက်နမ်အစိုးရသည် ဆန်တင်ပို့မှုကိုလျှော့ချပြီး ဈေးကွက်အခြေအနေများနှင့် လိုက်လျောညီထွေရှိသော အခြားသီးနှံများစိုက်ပျိုးရေးမြေယာများကို အသုံးပြုမည့် စီမံကိန်းများရှိကြောင်း သိရသည်။ ဗီယက်နမ်၏ ဆန်အိုးဖြစ်သော မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့် တောင်သူအချို့သည် ပြီးခဲ့သည့် နှစ်များက ပုစွန်မွေးမြူရေးနှင့် အခြားသီးနှံများ စိုက်ပျိုးရေးသို့ ပြောင်းလဲခဲ့ကြသည်။

Source: Bangkok Post, 2 Dec 2025**(**လယ်ယာထွက်ကုန်များနှင့် အမိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/59757

## မိုဇမ်ဘစ်၊ မြန်မာနှင့် မာလာဝီတို့ထံမှ ပဲမျိုးစုံတင်သွင်းရန် သဘောတူညီချက်များကို အိန္ဒိယဘက်မှ သက်တမ်းတိုးမြှင့်ဖွယ်ရှိ

အိန္ဒိယနိုင်ငံအနေဖြင့်၂၀၂၅-၂၆ ဘဏ္ဍာနှစ်(ဧပြီ-မတ်)ကာလအလွန်တွင် မိုဇမ်ဘစ်၊မြန်မာနှင့်မာလာဝီနိုင်ငံများ အစိုးရချင်း သဘောတူညီချက် လက်မှတ်ရေးထိုးထားသော ပဲမျိုးစုံကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများကို သက်တမ်းတိုးမြှင့် မည့်အလားအလာရှိနေသည်ဟု အစိုးရအဆင့်မြင့်အရာရှိတစ်ဦး၏ ပြောဆိုချက်အရသိရကြောင်း Informist Media သတင်းဝက်ဘ်ဆိုက်က ဖော်ပြသည်။

ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်မှုကော်မတီ၌ ထိုကဲ့သို့စာချုပ်များသက်တမ်းတိုးမြှင့်ရန်အတွက် သဘောတူညီထားပြီးဖြစ်သော်လည်း တရားဝင်ကြေညာချက်မထုတ်ပြန်မီ ယင်းသုံးနိုင်ငံသို့ ပြည်ပရေးရာဝန်ကြီးဌာနမှတစ်ဆင့် သံတမန်ရေးဆက်သွယ်ပေါင်းစပ်ညှိနှိုင်းမှုများကို လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ကြောင်း အဆိုပါ အရာရှိက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပဲစင်းငုံနှင့် မတ်ပဲတို့ကို တင်သွင်းခွင့်ပြုမည့် ပမာဏနှင့်အချိန် သတ်မှတ်ချက်များဖြင့် အစိုးရချင်းသဘောတူညီချက် နားလည်မှုစာချွန်လွှာများချုပ်ဆိုထားရှိရာ လက်ရှိကာလ၌ မိုဇမ်ဘစ်နိုင်ငံထံမှ ပဲစင်းငုံတန်ချိန် ၂၀၀,၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံမှ ပဲစင်းငုံတန်ချိန် ၁၀၀,၀၀၀ နှင့် မတ်ပဲတန်ချိန် ၂၅၀,၀၀၀ ကိုလည်းကောင်း၊ မာလာဝီနိုင်ငံမှ ပဲစင်းငုံတန် ၅၀,၀၀၀ ကိုလည်းကောင်း နှစ်စဉ်တင်သွင်းခွင့်ပြုထားသည်။

လက်ရှိတည်ဆဲနားလည်မှုစာချွန်လွှာများကို တူညီသောကုန်ပမာဏအတိုင်း ဆက်လက်၍သက်တမ်းတိုးမည်ဖြစ်ကြောင်း၊ သို့သော် ထိုသို့ဆောင်ရွက်မည့်လုပ်ငန်းစဉ်မှာ ပြီးပြတ်ခြင်းမရှိသေးကြောင်း အထက်ပါ အရာရှိက ပြောဆိုထားသည်။

၂၀၂၅-၂၆ သီးနှံစိုက်ပျိုးရေးနှစ် (ဇူလိုင်-ဇွန်) အတွင်း အိန္ဒိယ၏ ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်မှုမှာ တန်ချိန် ၃ ဒသမ ၆ သန်းခန့်ရှိနိုင်ပြီး နှစ်စဉ်ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၄ ဒသမ ၄ သန်းခန့်ရှိရာ ဝယ်လိုအားကွာဟချက်အတွက် ပြည်ပမှ ဆက်လက်မှာယူ တင်သွင်းရမည့် အခြေအနေရှိသည်။

ထို့ပြင် ယခုနှစ်မိုးသီးနှံရာသီ၌ မတ်ပဲစိုက်ပျိုးထုတ်လုပ်မှုမှာ ပထမအကြိမ် ကနဦးမျှော်မှန်းထား သည့် တန်ချိန် ၁ ဒသမ ၂ သန်းကိုပြည့်မီရန် အားနည်းလျက်ရှိပြီး ဆောင်းသီးနှံရာသီတွင်နယ်မြေ ဒေသအချို့၌ မတ်ပဲစိုက်ပျိုးမှု နှောင့်နှေးလျက်ရှိသဖြင့် ဈေးကွက်အတွင်း ဝယ်ယူရရှိနိုင်စွမ်းအပေါ် စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဤအခြေအနေက နားလည်မှု စာချွန်လွှာများတွင် မတ်ပဲကို ပါဝင်ထည့်သွင်းရန် အရေးပါသည့် အချက်တစ်ရပ်ဖြစ်စေကြောင်း အဆိုပါအရာရှိက ပြောဆိုသည်။

အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံတင်သွင်းရာတွင် တင်သွင်းခွင့်ခွဲတမ်း သတ်မှတ်ချက်အပေါ် အခြေပြုလျက် မိုဇမ်ဘစ်၊ မြန်မာနှင့် မာလာဝီတို့ကဲ့သို့သော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထံမှ ပဲမျိုးစုံတင်သွင်းရန် သီးခြားချဉ်းကပ်သည့်စနစ်ကို ကျင့်သုံးလျက်ရှိသည်။ လက်ရှိ ကုန်သွယ်မှု မူဘောင်အောက်၌ ပဲစင်းငုံနှင့် မတ်ပဲတို့ တင်သွင်းခြင်းအပေါ် အကောက်ခွန်စည်းကြပ်ခြင်းကို ပြန်လည်အသက်သွင်းမည့် အခြေအနေမရှိသေးကြောင်း၊ အခွန်စည်းကြပ်မှု လုပ်ဆောင်ပါကလည်း ၎င်းကုန်စည်များကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထံမှ အများဆုံးတင်သွင်းလျက်ရှိသဖြင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုရလိမ့်မည်သာဖြစ်ကြောင်း အစိုးရအရာရှိများက ပြောဆိုကြသည်။ အိန္ဒိယအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးဟု ကုလသမဂ္ဂက သတ်မှတ်ထားသည့်နိုင်ငံများထံ မှ ပဲစင်းငုံနှင့် မတ်ပဲကဲ့သို့သော ပဲမျိုးစုံအပါအဝင် တင်သွင်းသည့် ကုန်စည်အများစုအပေါ် အခွန်အထူးသက်သာမှု အခွင့်အရေး သို့မဟုတ် အကောက်ခွန် သုညရာခိုင်နှုန်း ခံစားခွင့်ပြုထားသည်။

သီးခြားမူဝါဒရေးရာ သက်သာခွင့်အဖြစ် အိန္ဒိယအစိုးရက လက်ရှိပေးအပ်ထားသည့် ပဲစင်းငုံနှင့် မတ်ပဲ အကောက်ခွန်လွတ် တင်သွင်းခွင့်အစီအစဉ်သည် ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့၌ ကုန်ဆုံးမည်ဖြစ်သည်။ ထိုနောက်ပိုင်းကာလတွင်မူ ပဲမျိုးစုံတင်သွင်းမှု လုပ်ငန်းတစ်ရပ်လုံးကို အစိုးရက ပြန်လည်ဆန်းစစ်သုံးသပ်မည့် အခြေအနေရှိကြောင်း သိရသည်။

လတ်တလောကာလ၌ ပြည်ပမှတင်သွင်းလာသော ကုန်စည်များက ဈေးကွက်တွင်ကြီးစိုးလျက်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုမှလည်း ဈေးကွက်ဝင်ရောက်လျက်ရှိသဖြင့် အဓိကထုတ်လုပ်ရာ ဈေးကွက်များတွင် ပဲစင်းငုံဈေးနှုန်းများမှာ ဖိအားများအောက်၌ ဆက်လက်ကျရောက်လျက်ရှိသည်။ ပဲစင်းငုံ ၁၀၀ ကီလိုဂရမ်၏ ဈေးနှုန်းသည် မဟာရဋ္ဌပြည်နယ်ရှိ Latur နှင့် Akola ဈေးကွက်များတွင် ရူပီး ၆,၀၀၀ မှ ၆,၄၀၀ အတွင်းရှိပြီး ကာနာတကာပြည်နယ် Kalaburagi ဈေးကွက်၌ ရူပီး ၆,၂၀၀ မှ ၆,၅၀၀ အတွင်းရှိကြောင်း ကုန်သည်များက ပြောဆိုထားသည်။ ယင်းဈေးနှုန်းများသည် အစိုးရက အထောက်အပံ့ပြု ဝယ်ယူမည့် အခြေခံရည်ညွှန်း ဈေးနှုန်းဖြစ်သော ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၈,၀၀၀ နှုန်း၏ အောက်သို့ များစွာနိမ့်ကျနေခြင်းဖြစ်သည်။

အိန္ဒိယအစိုးရအနေဖြင့် အဆိုပါ ပဲမျိုးစုံကုန်သွယ်မှုဆိုင်ရာ အစိုးရချင်းသဘောတူညီချက် နားလည်မှု စာချွန်လွှာများကို ဆက်လက်ထားရှိရန်အတည်ပြုခဲ့ပါက ရှေ့လာမည့်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ရာသီကာလ တိုင်အောင်ဈေးနှုန်းများမြင့်တက်မှုကို တားဆီးထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း ကုန်သည်များက ပြောဆို လျက်ရှိကြသည်။

Source: Informist Media, 5 Dec 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/60478

## မလေးရှားတွင် ဆီအုန်းစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုကြောင့် နိုဝင်ဘာလ၌ စားအုန်းဆီကြမ်း ထုတ်လုပ်မှု ကျဆင်း

မလေးရှားနိုင်ငံ၏ နိုဝင်ဘာလ၌ စားအုန်းဆီကြမ်း (CPO) ထုတ်လုပ်မှုသည် ရေလွှမ်းမိုးမှုဒဏ်ခံရ သော ဒေသများတွင် ရိတ်သိမ်းမှုနှောင့်နှေးခြင်းနှင့် ရေကြီးရေလျှံမှုများကြောင့် ယခင်လကထက် သိသိသာသာကျဆင်းသွားဖွယ်ရှိသည်ဟု မလေးရှား စားအုန်းဆီဘုတ်အဖွဲ့ (MPOB) ၏ အဆိုအရသိရကြောင်း မလေးရှားအခြေစိုက် The Edge Malaysia သတင်းဌာနက ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဖော်ပြသည်။

MPOB မှ ညွှန်ကြားရေးမှူးချုပ် Datuk Dr Ahmad Parveez Ghulam Kadir က ရေကြီးမှုကြောင့် သက်ရောက်မှုမှာ ဒေသအလိုက်သာ ခံစားရခြင်းနှင့် ယခုလအနှောင်းပိုင်းတွင်သာ ဖြစ်ပွားခဲ့ခြင်းတို့ကြောင့် မလေးရှား၌ မကြာသေးမီက ရေကြီးမှုသည် တစ်နိုင်ငံလုံး၏ စားအုန်းဆီကြမ်း ထုတ်လုပ်မှုကို ကြီးကြီးမားမား ထိခိုက်မှု ဖြစ်စေနိုင်ဖွယ်မရှိကြောင်း ပြောကြားခဲ့သည်။ အရှေ့ဘက် ကမ်းရိုးတန်းပြည်နယ် အများအပြားတွင် ပျမ်းမျှမိုးရွာသွန်းမှုထက်မြင့်မားပြီး ရေကြီးမှုအန္တရာယ်များ မြင့်မားနေသော်လည်း မလေးရှား၏ တစ်နှစ်တာ စားအုန်းဆီကြမ်းထုတ်လုပ်မှု မျှော်မှန်းချက်ကို တန်ချိန် ၁၉ ဒသမ ၅ သန်းအထိ ခန့်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

ဆီအုန်းပင်များသည် ၎င်းတို့၏ ဇီဝကမ္မဆိုင်ရာ အနားယူမှု၊ ပြုပြင်မှုအဆင့်သို့ ရောက်ရှိနေသဖြင့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စားအုန်းဆီကြမ်းအထွက်ပမာဏသည် ရာသီအလိုက် အသင့်အတင့်မျှရှိသည်ကိုတွေ့ရှိရကြောင်း၊ ရေကြီးမှုကြောင့် အချို့သောဆီအုန်းခြံများတွင် ကာလတို၌ ရိတ်သိမ်းမှုနှောင့်နှေးကြန့်ကြာခြင်း ဖြစ်ပေါ်နေသော်လည်း နိုင်ငံ၏ ရောင်းလိုအား အလားအလာမှာ စီမံထိန်းညှိနိုင်ပြီး ၂၀၂၅ ခုနှစ် အတွက် ထုတ်လုပ်မှုအနေဖြင့် ဆက်လက်တိုးတက်နေကြောင်း MPOB မှညွှန်ကြားရေးမှူးချုပ်က The Edge သတင်းဌာန၏ မေးမြန်းချက်ကို ဖြေကြားခဲ့ကြောင်းသိရသည်။

Mr. Ahmad Parveez က နိုဝင်ဘာလထုတ်လုပ်မှုအချက်အလက်များကို ဗုဒ္ဓဟူးနေ့တွင် တရားဝင်ထုတ်ပြန်မည်ဖြစ်ကြောင်း၊ နိုဝင်ဘာလစားအုန်းဆီကြမ်း(CPO)သိုလှောင်မှုပမာဏသည် တင်ပို့မှုနှေးကွေးခြင်းကြောင့် ၂၀၂၅ခုနှစ်၊ အောက်တိုဘာလထက် မြင့်တက်လာဖွယ်ရှိကြောင်း ဆက်လက်ပြောကြားသည်။ ၎င်း၏ပြောဆိုချက်အရ ရာသီဥတုအခြေအနေပေါ်မူတည်၍ စားအုန်းဆီကြမ်းထုတ်လုပ်မှု တဖြည်းဖြည်းပြန်လည်ကောင်းမွန်လာချိန်တွင် ရာသီအလိုက်တင်ပို့မှုအလယ်အလတ်သာရှိသဖြင့် ဒီဇင်ဘာလတွင် သိုလှောင်မှုပမာဏ မြင့်တက်လာနိုင်ဖွယ်ရှိသည်။

ပုံမှန်အားဖြင့် သိုလှောင်မှုလက်ကျန်မြင့်မားခြင်းသည် စံပြုကြိုတင် အရောင်းဈေးနှုန်းများအပေါ် ဖိအားသက်ရောက်မှုရှိပြီး ၎င်းဈေးနှုန်းများက ရောင်းလိုအားကောင်းမွန်မှုနှင့် ဝယ်လိုအားလျော့ပါးမှုတို့ ဖြစ်ပေါ်နေသည်ကို ညွှန်ပြလျက်ရှိသည်။ စားအုန်းဆီကြမ်း ၃ လကြိုတင်အရောင်း စာချုပ်ဈေးနှုန်းသည် ဘာဆာမလေးရှား ဆင့်ပွားစတော့ဈေးကွက် (Bursa Malaysia Derivatives)တွင် တစ်တန်လျှင် မလေးရှား ရင်းဂစ် ၄,၀၉၄ ဖြင့် နောက်ဆုံးအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

MPOB ၏ ယခင်အချက်အလက်များအရ နိုင်ငံ့ စားအုန်းဆီ လက်ကျန်ပမာဏသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် တန်ချိန် ၂ ဒသမ ၄၆ သန်းရှိပြီး ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၄၄ ရာခိုင်နှုန်း မြင့်တက် ခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီလနောက်ပိုင်း အမြင့်ဆုံးပမာဏဖြစ်သည်။ အောက်တိုဘာလတွင် စားအုန်းဆီကြမ်းအထွက် တန်ချိန် ၂ ဒသမ ၀၄ သန်းရှိပြီး ယခင်လကထက် ၁၁ ဒသမ ၀၂ ရာခိုင်နှုန်းမြင့်တက်လာပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လနောက်ပိုင်း အမြင့်ဆုံးဖြစ်သည်။ အောက်တိုဘာလတင်ပို့မှု အနေဖြင့် တန်ချိန် ၁ ဒသမ ၆၉ သန်းဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၈ ဒသမ ၅၈ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

စိုက်ကေအလိုက် ကမ္ဘာ့စားအုန်းဆီ အများဆုံးထုတ်လုပ်သူ ကုမ္ပဏီဖြစ်သည့် SD Guthrie Bhd က စားအုန်းဆီ လုပ်ငန်းလည်ပတ်မှု ယူနစ်အများအပြားတွင် အထူးသဖြင့် Kedah၊ Perak၊ Selangor နှင့် Pahang ဒေသတို့တွင် ဒေသအလိုက် ရေလွှမ်းမိုးမှုသတင်းများရရှိထားပြီး လတ်ဆတ်သော ဆီအုန်းသီးခိုင်များ(FFB)ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရခြင်းအပါအဝင် ရိတ်သိမ်းခြင်းလုပ်ငန်းများနှင့် အထွေထွေသယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့ကို ယာယီရပ်တန့်စေခဲ့ကြောင်း သိရသည်။ SD Guthrie ကုမ္ပဏီသည် မလေးရှား၊ အင်ဒိုနီးရှား၊ ပါပူဝါနယူးဂီနီ (PNG)နှင့် ဆော်လမွန်ကျွန်း (Solomon Islands)တို့တွင် ဆီအုန်းခြံ ၂၃၄ ခု နှင့် စက်ရုံပေါင်း ၆၅ ခုကို ဆီအုန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်း၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုမ္ပဏီအနေဖြင့် ဘေးကင်းမှုနှင့် လုပ်ငန်းများစဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မှု သေချာစေရန် အစီအမံများ ချမှတ် ဖော်ဆောင်နေပြီး စားအုန်းဆီကြိတ်ခွဲထုတ်လုပ်မှု လုပ်ငန်းများအားတည်ငြိမ်စွာ ဆောင်ရွက်လျက်ရှိကြောင်း SD Guthrie ၏ စီမံခန့်ခွဲမှုအဖွဲ့မှ The Edge သတင်းဌာနသို့ ပြောကြားခဲ့သည်။ ရေကြီးမြင့်မှုနှင့် ကြိုတင်ကာကွယ်မှု အစီအစဉ်အရ လမ်းများ ပိတ်ထားသောကြောင့် သီးခြားဝင်ရောက်ခွင့် ကန့်သတ်မှုများရှိခဲ့သော်လည်း ကြီးကြီးမားမားထိခိုက်မှုမရှိကြောင်းနှင့် အခြေ အနေကိုအနီးကပ် စောင့်ကြည့်နေကြောင်း ၎င်းတို့က ဆက်လက် ပြောကြားခဲ့သည်။

SD Guthrie ကုမ္ပဏီအနေဖြင့် ယခုနှစ် နှစ်ကုန်ပိုင်းတွင် ဖြစ်ပေါ်နိုင်ခြေရှိသည့် မုတ်သုံရာသီအတွင်း မျှော်မှန်းထားသည့် အခြေအနေများနှင့် ဘေးကင်းမှုမရှိနိုင်သည့် နယ်ပယ်ဒေသအချို့ကို အစီအစဉ်ပြန်လည်ရေးဆွဲထားကြောင်း ကုမ္ပဏီက ထပ်လောင်းပြောကြားခဲ့သည်။ တိကျသော စစ်ဆေးအကဲဖြတ်မှုတစ်ခုပေးရန် စောလွန်းနေသေးသော်လည်း ကနဦး လေ့လာ တွေ့ရှိချက်များအရ စားအုန်းဆီလုပ်ငန်းများအပေါ်သက်ရောက် မှုကိုစီမံခန့်ခွဲနိုင်သည်ဟု အကြံပြုထားသည်။ ပုံမှန်လုပ်ဆောင် မှုများကိုနယ်ပယ်များစွာတွင်ပြန်လည်စတင်နေပြီဖြစ်ပြီး အချို့မှာပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆက်လက်လုပ်ဆောင် နေကြကြောင်း သိရသည်။

IOI Corp Bhd ကုမ္ပဏီသည်လည်း ရုတ်တရက်ရေကြီးမှုကြောင့် ၎င်း၏ ဆီအုန်းစိုက်ခင်းအချို့တွင် ရိတ်သိမ်းမှုကို အနည်းငယ်အထိအခိုက်ဖြစ်စေခဲ့ကြောင်း ကုမ္ပဏီကအစီရင်ခံတင်ပြထားပြီး ထိခိုက်သွားသည့်နေရာများကို သီးခြားသတ်မှတ် ထားမှုမရှိကြောင်း ဖော်ပြထားသည်။

မလေးရှား၏ ဒေသခံနယ်မြေအနည်းငယ်တွင် ရုတ်တရက်ရေကြီးရေလျှံမှု အများဆုံးခံစားခဲ့ရပြီး ကုမ္ပဏီက ချက်ချင်း တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့သဖြင့် သိသိသာသာထိခိုက်မှုမရှိဘဲ လုပ်ငန်းများမြန်မြန်ဆန်ဆန် ပြန်လည်စတင်နိုင်ခဲ့သည်ဟု အဆိုပါ အဖွဲ့က The Edge သတင်းဌာနသို့ ပြောကြားခဲ့သည်။ IOI ကုမ္ပဏီသည် အင်ဒိုနီးရှားရှိ ကယ်လီမန်တန် (Kalimantan) ကျွန်း များနှင့် မလေးရှားရှိ ပန်နီဆူလာ (Peninsular)နှင့် ဆာဘား (Sabah) ကျွန်းတို့တွင် စိုက်ခင်းများဖြန့်ကျက်ထားကာ ဆီအုန်းခြံ ၉၄ ခု နှင့် စက်ရုံ ၁၅ ခုကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း The Edge Malaysia သတင်းဌာန၏ ဖော်ပြချက်များကို တင်ပြ လိုက်ရသည်။ Source: The Edge Malaysia, 08 Dec 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source: https://www.doca.gov.mm/my/node/60481

## ထိုင်းနိုင်ငံ၏ ပုစွန်တင်ပို့မှုသည် ၂၀၂၆ ခုနှစ်တွင် ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း Thai Shrimp Association က သုံးသပ်ပြောကြားခဲ့

ယှဉ်ပြိုင်ဖက်နိုင်ငံများအတွက် အားနည်းစေနိုင်သော အမေရိကန်အခွန်ကြောင့် ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ပုစွန် ပို့ကုန်သည် တန်ချိန် ၄၀၀,၀၀၀ ထိရောက်ရှိနိုင်ပြီး ပြန်လည်ကောင်းမွန်လာနိုင်သည်ဟု Thai Shrimp Association က

သုံးသပ်ထားကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် "Shrimp exports forecast to claw back next year" ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

အမေရိကန်သည် ထိုင်းပုစွန်အပေါ် အခွန် ၁၉ ရာခိုင်နှုန်းကောက်ခံခဲ့ပြီး အဓိကပြိုင်ဘက်များဖြစ်သည့် ဗီယက်နမ်ပုစွန်အပေါ် ၂၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားပုစွန်အပေါ် ၁၉ ရာခိုင်နှုန်းကောက်ခံခဲ့ရာ အမေရိကန်ဈေးကွက်အတွင်း ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုကို ထိန်းထားနိုင်ကြောင်း၊ အမေရိကန်ဈေးကွက်တွင် ၃၀ ရာခိုင်နှုန်း တန်ချိန် ၃၀၀,၀၀၀ ထိရရှိထားသည့် အိန္ဒိယနိုင်ငံသည် anti-dumping နှင့် countervailing အခွန်တွေ့ကြုံနေလျက်ရှိရာ စုစုပေါင်းတွင် ပျမ်းမျှ ၆၀ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း၊ ယင်းကြောင့် အိန္ဒိယ၏ ယှဉ်ပြိုင်နိုင်မှုကို လျော့နည်းခန့်မှန်းနိုင်ရာ ထိုင်းနိုင်ငံအနေဖြင့် ပုစွန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ပါက ကွာခြားချက်ကို ဖြည့်နိုင်မည့် အခွင့်အလမ်းရှိကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံသည် ၁ နှစ်လျှင် ပုစွန်တန်ချိန် ၂၇၀,၀၀၀ ထုတ်လုပ်လျက်ရှိကြောင်းအသင်းဥက္ကဋ္ဌ Mr. Ekapoj Yodpinit က ပြောကြားခဲ့သည်။

ထိုင်း-ဥရောပသမဂ္ဂ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ညှိနှိုင်းမှုသည် အပြီးသတ်သို့ရောက်ရှိခဲ့ပါက ယင်းဈေးကွက်သို့ ပုစွန်တန်ချိန် ၆၀,၀၀၀ တင်ပို့နိုင်သည့် အခွင့်အလမ်းရှိကြောင်း၊ ယင်းအခွင့်အရေးသည် GSP ခံစားခွင့်သက်တမ်းကုန်ဆုံးခဲ့သဖြင့်ဆုံးရှုံးသွားခဲ့သော တန်ချိန် ၃၀၀ အတွက် ပြန်လည်ရရှိခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ့ဝယ်လိုအားမြင့်တက်လာသော်လည်း ထိုင်းနိုင်ငံ၏ ပုစွန်ထုတ်လုပ်မှုသည် တန်ချိန် ၆၄၀,၀၀၀ မှ ၁၃ နှစ်တာကာလအတွင်း တန်ချိန် ၂၇၀,၀၀၀ သို့ သိသိသာသာကျဆင်းခဲ့ရခြင်းမှာ ရောဂါပိုးမွှားကြီးမားစွာ ပျံ့နှံ့ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ပုစွန်ကဏ္ဍကို ပြန်လည်ထိန်းသိမ်းရန် အစိုးရအနေဖြင့် ဘတ် ၅ ဒသမ ၄ ဘီလီယံလျာထားဆောင်ရွက်စေလိုကြောင်း၊ လာမည့်ရွေးကောက်ပွဲပြီးနောက် ဖွဲ့စည်းမည့် အစိုးရထံ ပုစွန်ကဏ္ဍကို နိုင်ငံအဆင့်ဆောင်ရွက်မည့် အစီအစဉ်အတွင်းထည့်သွင်းရန် အမှာစာပေးပို့သွားမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

လျာထားရန်ပုံငွေသည် ရောဂါထိန်းချုပ်ရန် သုတေသနအတွက် အထောက်အကူပြုရန်၊ မွေးမြူရေးသားပေါက်များ ဖွံ့ဖြိုးတိုးတက်ရန်၊ အစာကုန်ကျစရိတ်လျှော့ချရန်နှင့် မွေးမြူရေးခြံစွမ်းဆောင်ရည်မြှင့်တင်ရန်ဖြစ်ကြောင်း၊ ရည်မှန်းချက်မှာ ထုတ်လုပ်မှုကို တန်ချိန် ၄၀၀,၀၀၀ သို့ ပြန်လည်မြှင့်တင်ရန်နှင့် ပို့ကုန်တန်ဖိုးကို ၂၀၁၁ ခုနှစ်တွင် မှတ်တမ်းဝင်ခဲ့သည့်အတိုင်း ဘတ် ၁၀၀ ဘီလီယံရရှိရန်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ထိုင်း ပုစွန်ထုတ်လုပ်မှုသည် ယခင်နှစ်ကိန်းဂဏန်းအတိုင်း တန်ချိန် ၂၇၀,၀၀၀ ဖြစ်ကြောင်း၊ ပထမ ၁၀ လ အတွင်း ပုစွန်တင်ပို့မှုသည် တန်ချိန် ၁၁၂,၀၀၀ ဖြစ်ရာ ပမာဏနှင့်တန်ဖိုးတွင် ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ တစ်နှစ်ပတ်လုံးတွင် စုစုပေါင်းတင်ပို့မှုကို တန်ချိန် ၁၂၆,၀၀၀ သို့ရောက်ရှိရန်မှန်းထားပြီး တန်ဖိုးအားဖြင့် ဘတ် ၃၀ ဘီလီယံဖြစ်ကြောင်း၊ ကျဆင်းရခြင်းမှာ ကမ္ဘာ့စီးပွားရေးကျဆင်းခဲ့ပြီး အဓိကဈေးကွက်များဖြစ်သည့် ဂျပန်၊ တရုတ်နှင့် အမေရိကန်တို့ကိုလည်း ထိခိုက်ခဲ့သောကြောင့်ဖြစ်ကြောင်း Mr. Ekapoj က သုံးသပ်ထားသည်။

Source: www.bangkokpost.com, (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_08122025_13:25

## ရုရှားနှင့် ထိုင်းနိုင်ငံတို့ ဒစ်ဂျစ်တယ်ယွမ်ပလက်ဖောင်းကို အသုံးပြု၍ ငွေပေးချေမှုဆိုင်ရာများ ဆောင်ရွက်နေ

ရုရှားနှင့် ထိုင်းနိုင်ငံတို့သည် ဒစ်ဂျစ်တယ်ယွမ်ကို အသုံးပြု၍ ငွေပေးချေမှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ ငွေပေးချေမှုဆိုင်ရာများကို ဖြေရှင်းနေကြောင်း၊ Chinese Renminbi Digital ပလက်ဖောင်းသည် ထိုင်းနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေပြီး တိုက်ရိုက်ချိတ်ဆက်ရန်ခက်ခဲသော်လည်း အေးဂျင့်များမှ တစ်ဆင့် ဆောင်ရွက်နိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးဆိုင်ရာ ရုရှားသမ္မတ၏ အထူးကိုယ်စားလှယ် Mr.Boris Titov က ရုရှား-ထိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြောကြားခဲ့သည်။

ရုရှား-ထိုင်း စီးပွားရေးဆက်ဆံတိုးတက်မှုသည် ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၂ ဘီလီယံအထိရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်သည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ပြီး ရုရှားမှ ထိုင်းသို့ ပို့ကုန် ၅၀ ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ ရုရှားရင်းနှီးမြှုပ်နှံသူများသည် ထိုင်းစီးပွားရေးလုပ်ငန်းတွင် အမေရိကန် ဒေါ်လာ ၆-၇ ဘီလီယံခန့်အထိ ရင်းနှီးမြှုပ်နှံထားကြောင်း၊ ထိုင်းနိုင်ငံတွင် ရုရှားရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေများသည် ကန့်သတ်ချက်များရှိနေဆဲဖြစ်ပြီး အဆိုပါကန့်သတ်ချက်များရုပ်သိမ်းလျှင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဆင်းလာနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လက်ရှိအခြေအနေအရ စိုက်ပျိုးရေးကဏ္ဍတွင် ကန့်သတ်ချက်အများဆုံး အစီအမံများရှိနေဆဲဖြစ်ပြီး ထိုင်းဈေးကွက်သို့ ရုရှားအသားထုတ်ကုန်များတင်ပို့ခြင်းနှင့် ရုရှားဈေးကွက်သို့ ထိုင်းရေထွက်ကုန်ပစ္စည်းတင်ပို့ခြင်းတို့ကို ထိခိုက်စေကြောင်း၊ ယင်းထုတ်ကုန်များကို လွတ်လပ်စွာစီမံပေးလျှင် သိသာထင်ရှားသည့် တိုးတက်မှုကိုမြင်ရမည်ဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုသည်။

ယင်းအပြင် ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ရုရှားလူမျိုးများသည် ဗီယက်နမ်အပါအဝင် အခြားအရှေ့တောင်အာရှနိုင်ငံများကိုလည်း လေ့လာနေကြပြီး ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ရုရှားခရီးသွားဝင်ရောက်မှုသည် လူဦးရေ ၂ သန်းခန့်အထိ စံချိန်တင်မြင့်မားရန်မျှော်လင့်ရကြောင်း၊ ရုရှားကုမ္ပဏီများသည် ထိုင်းဟိုတယ်နှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်နိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ရုရှားနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်မှုပမာဏတွင် စက်မှုထုတ်ကုန်များ၏ဝေစုသည် ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။ စက်မှုအင်ဂျင်နီယာထုတ်ကုန်များ၊ ကုန်တွင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာများ၊ ရေယာဉ်များ၊ ဓာတ်အားပေးစက်များ၊ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ IT ဖြေရှင်းချက်များနှင့် သတင်းအချက်အလက်လုံခြုံရေးထုတ်ကုန်များသည် ထိုင်းနိုင်ငံသို့ တိုးတက်တင်ပို့နိုင်သည့် အလားအလာရှိသည်။

ရုရှားနိုင်ငံသည် ထိုင်းနိုင်ငံသို့ ရေနံနှင့်ရေနံထွက်ပစ္စည်း၊ ဓာတ်မြေသြဇာ၊ သံနှင့် သံမဏိ၊ အလူမီနီယံ၊ ဂျုံ၊ ကျောက်မျက်ရတနာ၊ နို့နှင့် နို့ထွက်ပစ္စည်း၊ သတ္တုနှင့် ဆောက်လုပ်ရေးပစ္စည်းများကို အဓိကတင်ပို့ပြီး ထိုင်းနိုင်ငံမှ စက်ပစ္စည်းနှင့် အစိတ်အပိုင်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ တာယာ၊ စည်သွတ်သစ်သီးများ၊ စည်သွတ်ပင်လယ်စာ၊ ရော်ဘာ၊ ဆန်၊ ဟင်းခတ်အမွှေးအကြိုင်များ စသည်တို့ကို အဓိကတင်သွင်းကြောင်း သိရသည်။

Source : [https://tass.ru/ekonomika/25734715](https://tass.ru/ekonomika/25734715),

(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_08122025_11:56](https://myantrade.gov.mm/article/STP(Ygn)_08122025_11:56)

## ရုရှားသည် အိန္ဒိယမှ သွင်းကုန်တိုးမြှင့်တင်သွင်းနိုင်ရန် ရည်ရွယ်

လက်ရှိတွင် ရုရှား-အိန္ဒိယနှစ်နိုင်ငံအကြား ကုန်သွယ်မှုမညီမျှမှုရှိနေသောကြောင့် ရုရှားနိုင်ငံသည် အိန္ဒိယမှ တင်သွင်းမှုများကို တိုးမြှင့်ရန်မျှော်လင့်ထားကြောင်း၊ ရုရှားသည် အိန္ဒိယထံမှဝယ်ယူမှုထက်ရောင်းချခြင်းက ပိုများကြောင်း၊ အိန္ဒိယမိတ်ဖက်များသည် အဆိုပါအချက်ကို စိုးရိမ်နေကြကြောင်း၊ ရုရှားအနေဖြင့် အိန္ဒိယမှ သွင်းကုန်များကို တိုးမြှင့်ရန်အခွင့်အလမ်းများကို ပူးပေါင်းရှာဖွေနေကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ Mr. Dmitry Peskov က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသမ္မတ၏ နယူးဒေလီသို့လာမည့်ခရီးစဉ်အတွင်း ရုရှား-အိန္ဒိယဖိုရမ်တစ်ခု ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်အတွင်း အိန္ဒိယမှ ရုရှားနိုင်ငံသို့ သွင်းကုန်များတိုးမြှင့်တင်သွင်းနိုင်ရေး အခွင့်အလမ်းများကိုဆွေးနွေးရန် အာရုံစိုက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ ရေနံတင်သွင်းမှုတွင် ရုရှားရေနံ၏ ဈေးကွက်ဝေစုသည် ၄၅ ရာခိုင်နှုန်းကျော်ရှိသည်။ ရုရှားမှ နေကြာဆီတင်သွင်းမှုတွင် အိန္ဒိယသွင်းကုန်၏ ၅၁ ရာခိုင်နှုန်း၊ ဓာတ်မြေသြဇာတင်သွင်းမှု ၂၁ ရာခိုင်နှုန်း၊ ပဲမျိုးစုံ ၁၀ ရာခိုင်နှုန်းနှင့် ပဲပုပ်စေ့ဆီ ၅ ဒသမ ၈ ရာခိုင်နှုန်း စသဖြင့် ကဏ္ဍများတွင် ရုရှားသည် ဦးဆောင်နေရာ၌ ရှိနေသည်။

အိန္ဒိယမှ ရုရှားသို့ အဓိကတင်ပို့သောကုန်စည်များမှာ စိုက်ပျိုးရေးထွက်ကုန်များ၊ ဆေးဝါးများနှင့်ကုန်ကြမ်းပစ္စည်းများ၊ အပေါ့စားစက်မှုလုပ်ငန်းသုံးကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများ၊ စက်ပစ္စည်းကိရိယာများနှင့် အစိတ်အပိုင်းများဖြစ်ပြီး ပမာဏတန်ဖိုးအမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့်သာရှိသည်။

ရုရှားနှင့် အိန္ဒိယကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၆ ဘီလီယံရှိခဲ့ရာမှ ရုရှားမှ အိန္ဒိယသို့ ပို့ကုန်ပမာဏတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံခန့် ရှိကြောင်း သိရသည်။

ရုရှား-အိန္ဒိယ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တတိယနိုင်ငံလွှမ်းမိုးမှုမှကာကွယ်နိုင်ရန် ငွေပေးချေမှုအားလုံးနီးပါး ကို နိုင်ငံသုံးငွေကြေးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

Source : [https://www.kommersant.ru/doc/8249563](https://www.kommersant.ru/doc/8249563), (ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_08122025_11:41](https://myantrade.gov.mm/article/STP(Ygn)_08122025_11:41)

## ရာသီအလိုက် ဝယ်လိုအားအရ စားအုန်းဆီကုန်သွယ်မှု ပြန်လည်သွက်လက်လာ

စားအုန်းဆီသည် ရာသီအလိုက်ဝယ်လိုအားပြန်လည်ကောင်းမွန်လာသည့်အတွက် အမြတ်အစွန်း ဆက်လက်ရရှိလျက်ရှိကြောင်း၊ စားအုန်းဆီကုန်သည်များသည် မလေးရှားရှိရေကြီးမှုအပါအဝင် အာရှတစ်လွှားရှိ ထိပ်တန်းစားအုန်းဆီ စိုက်ပျိုးထုတ်လုပ်သည့် အခြားသောဒေသများကို အနီးကပ်စောင့်ကြည့်နေကြကြောင်း၊ အစောပိုင်းပွဲတော်နှင့်ဆက်စပ်၍ ဝယ်လိုအားလှုပ်ရှားမှုများ အရှိန်မြင့်တက်လာပြီးနောက် ဈေးကွက်အနေအထား ပိုမိုကောင်းမွန်လာကြောင်း မလေးရှားနိုင်ငံအခြေစိုက် Business Today သတင်းဌာန က ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဖော်ပြထားသည်။

ပွဲတော်ရာသီ စားအုန်းဆီဝယ်ယူမှုမှာ စတင်ခဲ့ပြီဖြစ်သည်ဟု ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သည့် Kaleesuwari Intercontinental မှ ကုန်သွယ်မှုနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာ၏ အကြီးအကဲ Gnanasekar Thiagarajan က ပြောကြားခဲ့သည်။ ၂၀၂၆ ခုနှစ် တရုတ်နှစ်သစ်ကူးကာလနှင့် စားသုံးမှုများပြားမည့် ရာမာဒန်ဥပုသ်ကာလတို့ မတိုင်မီတွင် စားအုန်းဆီသိုလှောင်မှု လက်ကျန်ပြန်လည်မြင့်မားလာပြီး ဈေးနှုန်းများသည်လည်း ခိုင်မာမှုရှိမည်ဟု ၎င်းက မျှော်လင့်ထားသည်။

ယခုအခါ ရာသီဥတုအခြေအနေက ထောက်ပံ့ရေးနှင့်သယ်ယူပို့ဆောင်ရေးတို့ကို အချိန်ကိုက်ဆောင်ရွက်နိုင်ရန်အတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ်ပေါ်ထွက်လာပြီဖြစ်သည်။ နေရာဒေသအနှံ့မိုးရွာသွန်းမှုနှင့် ရေလွှမ်းမိုးမှုများက စားအုန်းဆီထောက်ပံ့ရေးကွင်းဆက်ကို ထိခိုက်စေနိုင်ကြောင်း Thiagarajan က သတိပေးပြောကြားခဲ့သည်။ ရေကြီးမှုက ထောက်ပံ့ပို့ဆောင်ရေးနှင့် ဈေးကွက်လှုပ်ရှားမှုတို့ကို အဟန့်အတားဖြစ်စေပြီး ဝယ်လိုအားသိသိသာသာမြင့်တက်လာသည့်အချိန်အခါတွင် ရောင်းလိုအားကိုပါ လျော့ကျစေကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

မလေးရှားနှင့် အင်ဒိုနီးရှားတို့သည် ရာသီဥတုကြောင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို ကြန့်ကြာစေသည့် ပိတ်ဆို့မှုများ အများဆုံးကြုံတွေ့နေရဆဲဖြစ်သည်။ ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက ဆီအုန်းခြံမှ ထွက်ရှိလာသည့် စားအုန်းဆီများအား ပြန်လည်သန့်စင်ခြင်းနှင့် ဆိပ်ကမ်းများသို့ ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်လာနိုင်စေသည်။

ပွဲတော်ကာလ စားအုန်းဆီဝယ်လိုအား အားကောင်းမှုသည် ရာသီဥတုဒဏ်ခံရမှုကြောင့် ရောင်းလိုအားမတည်မငြိမ် ဖြစ်ပေါ်မှုနှင့် တိုက်ဆိုင်နေသောကြောင့် ဈေးနှုန်းမတည်ငြိမ်မှု ဆက်လက်ရှိနေမည်ဟု မျှော်လင့်ရကြောင်း Kaleesuwari Intercontinental ကုမ္ပဏီမှ Gnanasekar Thiagarajan ၏ ပြောကြားချက်များကို တင်ပြလိုက်သည်။

Source: Business Today, December 2, 2025 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/59759

## ၂၀၂၅ ခုနှစ်တွင် ကော်ဖီတင်ပို့မှုမှတစ်ဆင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ရရှိရန် ခန့်မှန်းရသည့် ဗီယက်နမ်

ဗီယက်နမ်ကော်ဖီ-ကိုကိုးအသင်း (Vicofa) က ၂၀၂၅ ခုနှစ်တွင်ကော်ဖီတင်ပို့မှုမှတစ်ဆင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ရရှိရန် ယုံကြည်ချက်ရှိနေကြောင်း သိရသည်။ အသင်း၏အဆိုအရ ထိုခန့်မှန်းမှုသည် ထုတ်ကုန်အရည်အသွေးတိုးတက်ခြင်း၊ ပြုပြင်ထုတ်လုပ်ထားသည့် ထုတ်ကုန်အချိုးအစားမြင့်တက်ခြင်းနှင့် ရေရှည်ဗျူဟာမြောက်စိုက်ပျိုးမှုကို အခြေခံ၍ ဈေးကွက်တိုးချဲ့ခြင်းစသည့် အဓိကအချက် ၃ ချက်အပေါ်အခြေခံကြောင်း သိရသည်။ စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏အဆိုအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဗီယက်နမ်သည် ကော်ဖီတန်ချိန် ၁ ဒသမ ၃ သန်း တင်ပို့ရာမှ ဝင်ငွေအမေရိကန် ဒေါ်လာ ၇ ဒသမ ၄၁ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တူညီသည့်ကာလနှင့် နှိုင်းယှဉ်ပါက ၆၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ပျမ်းမျှတင်ပို့သည့်ဈေးနှုန်းမှာ တစ်တန်လျှင် ၅,၆၅၃ အမေရိကန်ဒေါ်လာဖြစ်ပြီး ၂၀၂၄ ခုနှစ်တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ၄၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ အသင်းက ၂၀၂၀ ခုနှစ်မတိုင်မီက နည်းပါးသည့် ဈေးနှုန်းများကြောင့် စိုက်ပျိုးရေးသမားများမှာ ၎င်းတို့၏ ကော်ဖီစိုက်ပျိုးမှုကိုလျှော့ချခဲ့ခြင်းက ရောင်းအားလျော့ကျစေခဲ့ကြောင်းသိရသည်။ တစ်ချိန်တည်းမှာပင်လုပ်ငန်းများသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသောအရည်အသွေးတိုးတက်စေရန် စဉ်ဆက်မပြတ်ထုတ်လုပ်မှုကွင်းဆက်တွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာလုံးဆိုင်ရာရောင်းလိုအားတင်းကျပ်နေသော်လည်း ဝယ်လိုအား ဆက်လက်မြင့်တက်ခြင်းကြောင်း ကော်ဖီဈေးနှုန်းများမှာ သိသာစွာနာလံထူခဲ့ပြီး ပို့ကုန်ဝင်ငွေ စံချိန်တင်စေခဲ့ကြောင်း သိရသည်။ အသင်းက လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် အထူးသဖြင့် ဥရောပသမဂ္ဂ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်သည်

စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးသမားများအား တင်းကျပ်သောအရည်အသွေးစံနှုန်းနှင့် ကိုက်ညီသော စိုက်ပျိုးထုတ်လုပ်သည့်အလေ့အထကို အသွင်ကူးပြောင်းစေကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်တွင် ကော်ဖီလုပ်ငန်းနယ်ပယ်ကို ဂေဟာစနစ်ကို တာဝန်ယူမှုရှိသည့် ထုတ်လုပ်ခြင်းနှင့် ကုန်ကြမ်းပစ္စည်းထုတ်လုပ်သည့်ဒေသများအား ပြုပြင်ထုတ်လုပ်သည့်အဆင့်များသို့ ပြောင်းလဲစေနိုင်ခဲ့ကြောင်း သိရသည်။ Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_05122025%201315

## တရုတ်နိုင်ငံ၏ အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒသည် ယူဂန်ဒါမှ ကော်ဖီတင်ပို့မှုအတွက် ဈေးကွက်သစ်ဖွင့်လှစ်ပေး

အာဖရိကမှ ကုန်ပစ္စည်းများအတွက် တရုတ်နိုင်ငံ၏ အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒသည် ယူဂန်ဒါနိုင်ငံ၏ ကော်ဖီတင်ပို့မှုကို သိသိသာသာမြင့်တက်လာစေပြီး အိမ်ထောင်စုဝင်ငွေတိုးလာမည်ဟု မျှော်လင့်ကြောင်း ယူဂန်ဒါကော်ဖီလုပ်ငန်းရှင်တစ်ဦးက ဆင်ဟွာသတင်းသို့ ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍ တရုတ်နိုင်ငံသည် အာဖရိကရှိ နိုင်ငံပေါင်း ၃၃ နိုင်ငံ အပါအဝင် ၎င်းနှင့်သံတမန်ဆက်ဆံရေးရှိသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအားလုံးမှ ထုတ်ကုန်အားလုံး ၁၀၀ ရာခိုင်နှုန်းကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ထို့နောက် တရုတ်နိုင်ငံနှင့်သံတမန်ဆက်ဆံရေးရှိသည့် အာဖရိကနိုင်ငံ ၅၃ နိုင်ငံစလုံးအတွက် အကောက်ခွန်လိုင်းအားလုံးကို အကောက်ခွန်ကင်းလွတ်ခွင့်အား ထပ်မံတိုးချဲ့ပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏မူဝါဒသည် အာဖရိကထုတ်ကုန်များအပေါ် စည်းကြပ်ခွန်များ ဆက်လက်ကောက်ခံနေသည့် ဈေးကွက်များနှင့်နှိုင်းယှဉ်ပါက ပိုမိုအဆင်ပြေသော စီးပွားရေးပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးသည်ဟု ယူဂန်ဒါနိုင်ငံအနောက်ဘက်ပိုင်း Ntungamo ခရိုင်ရှိ ကော်ဖီခြံကိုပိုင်ဆိုင်သည့် Inspire Africa Group ၏ အမှုဆောင်အရာရှိချုပ် Nelson Tugume က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်၏ကော်ဖီဝယ်လိုအား မြင့်တက်လာမှုနှင့် ကော်ဖီအဓိကထုတ်လုပ်သည့် နိုင်ငံများတွင် မသေချာမရေရာမှုများကြောင့် တရုတ်နိုင်ငံ၏အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒသည် ယူဂန်ဒါလယ်သမားများအတွက် အခွင့်အလမ်းကို အချိန်နှင့်တစ်ပြေးညီ ဖန်တီးပေးခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ စံနှုန်းများနှင့်ကိုက်ညီပြီး ရေရှည်ရောင်းချနိုင်ရန်အတွက် ယူဂန်ဒါနိုင်ငံသည် သေချာပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ Inspire Africa Group မှ ဝန်ထမ်း ၄၀ ကျော်သည် နည်းပညာဆိုင်ရာ သင်တန်းများတက်ရောက်ပြီးနောက် တရုတ်နိုင်ငံမှမကြာသေးမီကပြန်လာခဲ့ကြောင်း၊ ကော်ဖီထုတ်လုပ်သည့်စက်များတွင် အသုံးပြုသည့်နည်းပညာများကိုကျွမ်းကျင်ရန် နောက်ထပ်ဝန်ထမ်း ၄၀ ဦးကို တရုတ်နိုင်ငံသို့ ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း Tugume က ပြောကြားခဲ့သည်ဟု သိရသည်။

ယူဂန်ဒါပြည်သူများကို အသိပညာများ ဖြန့်ဝေပေးရမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံရှိ စက်ရုံများ၌ နည်းပညာများလေ့လာခွင့်ပြုသည့် မိတ်ဖက်များလည်းရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

ယူဂန်ဒါ၏ စိုက်ပျိုးရေး၊ တိရစ္ဆာန်စက်မှုလုပ်ငန်းနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အချက်အလက်များအရ တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့မှုသည် ၂၀၂၅ ခုနှစ်၊ မတ်လတစ်လတည်းတွင် ၁၉၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တရုတ်နိုင်ငံသည် အာရှတွင် ယူဂန်ဒါ၏ဒုတိယအကြီးဆုံးကော်ဖီဈေးကွက်ဖြစ်လာကြောင်း သိရသည်။

နိုဝင်ဘာလအစောပိုင်းတွင် ယူဂန်ဒါပို့ကုန်လုပ်ငန်းရှင်များသည် China International Import Expo တွင် အမေရိကန်ဒေါ်လာ ၃ သန်းတန်ဖိုးရှိ သဘောတူညီချက်များရရှိခဲ့ကြောင်း ဝန်ကြီးဌာနက သတင်းထုတ် ပြန်ခဲ့ကြောင်း သိရသည်။

ပြပွဲကာလအတွင်း ယူဂန်ဒါနိုင်ငံသည် တရုတ်ပုဂ္ဂလိကကော်ဖီဆိုင်လုပ်ငန်းတစ်ခုဖြစ်သည့် Cotti Coffee နှင့်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံပေါင်း ၂၈ နိုင်ငံတွင် ဆိုင်ခွဲပေါင်း ၇,၅၀၀ ကျော်ကိုလည်ပတ်လျက်ရှိသည့် Cotti Coffee နှင့်တိုက်ရိုက်ချိတ်ဆက်ပေးမည်ဖြစ်ပြီး ယူဂန်ဒါရှိ ကော်ဖီစိုက်တောင်သူများနှင့် ပြုပြင်ထုတ်လုပ်သူများကို ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကော်ဖီသည် ယူဂန်ဒါ၏ စီးပွားရေးအသွင်ကူးပြောင်းမှုအတွက် အဓိကကုန်ပစ္စည်းများထဲမှတစ်ခု ဖြစ်ပြီး ကော်ဖီသီးနှံအပေါ်မှီခိုနေသည့် အိမ်ထောင်စု ၁ ဒသမ ၈ သန်းခန့်ရှိသည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Source: https://en.people.cn/n3/2025/1203/c90000-20397681.html, (ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_12122025_13:37

## အိန္ဒိယနိုင်ငံသို့ ပန်းသီးများ ကွန်တိန်နာ ၁၂ လုံးခန့်တင်ပို့တော့မည့် Afghanistan နိုင်ငံ

အိန္ဒိယနိုင်ငံသို့ Afghanistan နိုင်ငံ Kabul ပြည်နယ်မှ ပန်းသီးများ ကွန်တိန်နာ ၁၂ လုံးခန့်တင်ပို့တော့မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂၅၀,၀၀၀ ခန့်တန်ကြေးရှိပြီး Afghan ကုန်သည်များနှင့် ညှိနှိုင်း၍ အိန္ဒိယနိုင်ငံသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ Afghanistan နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ သစ်သီးခြောက်တင်ပို့မှုတွင် အလုပ်လုပ်ဖူးသော အိန္ဒိယနိုင်ငံမှ စီးပွားရေးသမားများသည် ၎င်းတို့အနေဖြင့် Afghanistan နိုင်ငံမှသစ်သီးများ အထူးသဖြင့် ပန်းသီးများဝယ်ယူရန်အတွက် စိတ်ဝင်စားမှုများရှိနေကြောင်း ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသားကုန်သည် Murtaza Mansoor က "၎င်းတို့အနေဖြင့် အိန္ဒိယအစိုးရအား ကျေးဇူးတင်ရှိကြောင်းနှင့် Afghanistan အစိုးရကိုလည်း နှစ်နိုင်ငံကြား လွတ်လပ်စွာကုန်သွယ်ခွင့် ခွင့်ပြုခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း" ပြောကြားခဲ့သည်။ အဆိုပါ သဘောတူညီမှုသည် နှစ်နိုင်ငံကြားကုန်သွယ်ရေးချဲ့ထွင်ခြင်းနှင့် ဖွံ့ဖြိုးခြင်းကို ဖန်တီးပေးကြောင်း ၎င်းက ထပ်ပေါင်းပြောကြားခဲ့သည်။ Afghan ကုန်သည်အချို့ကလည်း အဆိုပါကနဦး လုပ်ဆောင်ချက်၏ ရည်မှန်းချက်သည် Afghanistan နိုင်ငံ၏ ထုတ်ကုန်များ အတွက် ဈေးကွက်များဖွင့်လှစ်စေနိုင်ကြောင်းနှင့် အိန္ဒိယနိုင်ငံသည် Afghanistan နိုင်ငံ၏ ကုန်ပစ္စည်းများ၊ အထူးသဖြင့် သစ်သီးများအတွက် အားကောင်းသောဈေးကွက်ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။ Afghanistan နိုင်ငံသားကုန်သည်တစ်ဦး Abdul Malik Montazer က "အိန္ဒိယနိုင်ငံ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် Afghanistan နိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံသင့်ကြောင်း နှင့် အိန္ဒိယနိုင်ငံသို့ အလည်သွားသည့် စက်မှုလက်မှုနှင့်စီးပွားရေးရာဝန်ကြီးအနေဖြင့် လေကြောင်းနှင့် ကုန်းကြောင်းလမ်းများ ဖန်တီး၍ တင်ပို့မှုအခွင့်အလမ်းများ ပြန်လည်ယူဆောင်လာရန်အတွက် ၎င်းတို့အနေဖြင့် မျှော်မှန်းကြောင်း ပြောကြားခဲ့သည်။ Afghanistan နိုင်ငံမှ စိုက်ပျိုးရေးခြံပိုင်ရှင်များသည်လည်း ၎င်းတို့အနေဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့မှုအခွင့်အလမ်းများ ပေါ်ပေါက်လာသည့်အတွက် ကျေနပ်မှုရှိကြောင်းနှင့် တစ်ခြားနိုင်ငံများသို့ သစ်သီးနှင့်တစ်ခြားသောစိုက်ပျိုးရေးထွက်ကုန်များတင်ပို့နိုင်ရန် လမ်းကြောင်းများကို ပိုမိုဖွင့်လှစ်သင့်ကြောင်း အထူးအလေးပေးပြောကြားခဲ့သည်။ အဆိုပါတင်ပို့မှုသည် စီးပွားရေးရာဒုတိယဝန်ကြီးနှင့် Afghanistan နိုင်ငံမှ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များနှင့်အတူ ပြုလုပ်ခဲ့သောအစည်းအဝေးအပြီးတွင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_04122025%201445

## ရွှေ၊ ကျောက်မီးသွေးနှင့် သတ္တုရိုင်းများအတွက် ပို့ကုန်အခွန်တွက်ချက်မှုကို အတည်ပြုလိုက်သည့် အင်ဒိုနီးရှား

အင်ဒိုနီးရှား၊ စွမ်းအင်နှင့်သတ္တုတွင်းထွက်ရင်းမြစ်ဝန်ကြီးဌာနသည် ရွှေအပါအဝင် ကျောက်မီးသွေးနှင့် အခြားသတ္တုတွင်းထွက်ပစ္စည်းများအတွက် ပို့ကုန်အခွန်တွက်ချက်မှုကို ကမ္ဘာ့ရွှေဈေးနှုန်းနှင့်အညီ သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ ရောင်းဈေးများနေပါက ပို့ကုန်အခွန်ကောက်ခံသွားမည်ဖြစ်ပြီး ရောင်းဈေးနည်းပါကကောက်ခံမည်မဟုတ်ကြောင်း၊ သို့သော် ရောင်းဈေးများနေသော ရွှေကိုမူ ပို့ကုန်ခွန်ကောက်ခံမည်ဖြစ်ကြောင်း ဝန်ကြီး BahlilLahadalia ပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများသည် နိုင်ငံတော်ဝင်ငွေ တိုးတက်စေရန်နှင့် သတ္တုလုပ်ငန်းကဏ္ဍတွင် နောက်ဆုံးအဆင့် ကုန်ထုတ်လုပ်မှုများကိုအားပေးရန် ရည်ရွယ်၍ ရွှေပို့ကုန်ခွန်အား ၇ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ကောက်ခံတော့မည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ်၊ နိုင်ငံတော်ဘဏ္ဍာငွေဥပဒေအရ ရွှေတင်ပို့ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ခုကို ဘဏ္ဍာရေးဝန်ကြီးဌာနက မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုသည် နိုင်ငံပိုင် Pegadaian နှင့် Bank Syariah Indonesia (BSI) မှတစ်ဆင့် ရွှေဝယ်လိုအား မြင့်မားနေကြောင်း၊ ရွှေတင်ပို့ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်သည် ရွှေဒင်္ဂါး၊ ရွှေမှုန်၊ ရွှေချောင်းနှင့် သန့်စင်ပြီးရွှေချောင်းများ ပါဝင်ကြောင်း ပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီး Purbaya Yudhi Sadewa က ရွှေပို့ကုန်ခွန် စည်းကြပ်ပါက အစိုးရအနေဖြင့် ဘဏ္ဍာငွေအပိုအဖြစ် ရူပီး ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၆၀ သန်းခန့်) အထိ ရရှိမည်ဟု ပြောကြား ခဲ့သည်။

ရင်းမြစ်။ https://en.antaranews.com/, Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_04122025%201430

## ဗီယက်နမ်နှင့်တရုတ် နှစ်နိုင်ငံကြား ပိန္နဲသီးတင်ပို့မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းစနစ် လက်မှတ်ရေးထိုး

ဗီယက်နမ်မှ ပိန္နဲသီးများအား တရုတ်ဈေးကွက်သို့တင်ပို့နိုင်ရေးအတွက် တင်ပို့မှုဆိုင်ရာလုပ်ထုံးလုပ်နည်းစနစ် အခြေပြစာချုပ်ကို ဗီယက်နမ်နှင့်တရုတ်နှစ်နိုင်ငံကြားချုပ်ဆိုထားကြောင်း စိုက်ပျိုးရေးနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ ကြေညာချက်အရ သိရသည်။

အခြေပြစာချုပ် လက်မှတ်ရေးထိုးခြင်းကို နိုဝင်ဘာလ ၂၇ ရက်နေ့၌ ပြုလုပ်ခဲ့သည့် ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီး Tran Duc Thang နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူး Zhao Zenglian တို့၏ ဆွေးနွေးမှု အစီအစဉ်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယခုအစီအစဉ်သည် ငရုတ်၊ ပင်မှည့်၊ ဖွဲ့နုနှင့် သဘာဝဇက်သိုက်စသော တင်ပို့မှုဆိုင်ရာလုပ်ထုံး လုပ်နည်းစနစ် အခြေပြစာချုပ်များပြီးလျှင် ယခုနှစ်အတွက် လယ်ယာထွက်ကုန်ဆိုင်ရာနှစ်နိုင်ငံကုန်သွယ်မှု၏ မှတ်တိုင်အသစ်တစ်ခုဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်သည် လယ်ယာစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်း ကျင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံအနေဖြင့်လည်း ဗီယက်နမ်၏ အရည်အသွေးမြင့် လယ်ယာထွက်ကုန်များအား တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေး ဈေးကွက်ဖွင့်ခြင်းကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုန်သွယ်မှုဆုံးရှုံးနိုင်ခြေများ၊ တင်းကျပ်သည့် အရည်အသွေးစံချိန်စံညွှန်းများအား လျော့ချခြင်းနှင့် ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာအလေ့အထများနှင့်အညီ ပိန္နဲသီးစိုက်ပျိုးမှုအားတိုးချဲ့ရန် ထောက်ပံ့ပေးခြင်းတို့ကြောင့် တရုတ်နိုင်ငံသို့ အစဉ်အလာအရ တင်ပို့လျက်ရှိသည့် ဗီယက်နမ်ပိန္နဲသီးသည် ယခုအခါ တင်ပို့မှုဆိုင်ရာလုပ်ထုံးလုပ်နည်းစနစ် အခြေပြစာချုပ်အောက်တွင် စံသတ်မှတ်ချက်နှင့်ကိုက်ညီသည့် သီးနှံတစ်ခု ဖြစ်လာကြောင်း သိရသည်။

ဗီယက်နမ်၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှု တန်ဖိုးသည် ၂၀၂၅ ခုနှစ်၊ ပထမ ၁၀ လတွင် ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံ နီးပါးရောက်ရှိပြီး၊ နှစ်စဉ် ၁၅ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်လျက်ရှိရာ တရုတ်ဈေးကွက်၏ ဈေးကွက်ဝေစု ၆၂ ဒသမ ၉ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြောင်း သိရသည်။ ပိန္နဲသီးတင်ပို့မှု ဆိုင်ရာလုပ်ထုံးလုပ်နည်းစနစ်အခြေပြစာချုပ်ကြောင့် တစ်နှစ်ပတ်လုံးပို့ကုန်ရည်မှန်းချက် ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ ရောက်ရှိအောင် ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။Source: Vietnam Plus,

27/11/2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source:https://www.doca.gov.mm/my/node/59758

## ဗီယက်နမ်သည် ၂၀၂၅ ကို လယ်ယာပို့ကုန်အတွက် အောင်မြင်သောနှစ်အဖြစ် မျှော်မှန်းထား

မကြာသေးမီနှစ်များအတွင်း ခိုင်မာသောတိုးတက်မှုကိုတည်ဆောက်ခြင်း အထူးသဖြင့် ယခုနှစ်၏ ခိုင်မာသောပြန်လည်ကောင်းမွန်မှုကိုတည်ဆောက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍသည် ၂၀၂၅ ခုနှစ်အတွက် စိုက်ပျိုးရေး၊ သစ်တော၊ ရေထွက်ပစ္စည်း တင်ပို့မှုတွင် ၇၀ ဘီလီယံဒေါ်လာကို ရည်မှန်းထားပြီး ရည်မှန်းချက် ကြီးကြီးမားမားတင်ပို့မှုပမာဏသာမက အရည်အသွေး၊ နည်းပညာနှင့် နက်ရှိုင်းသောလုပ်ငန်းစဉ်များကို အခြေခံသည့်တိုးတက်မှုပုံစံဆီသို့ ဗျူဟာမြောက်ပြောင်းလဲခြင်းလည်း ဖြစ်သည်။ ဗီယက်နမ် လယ်ယာထွက်ကုန်များ၏ အရည်အသွေး ပိုမိုကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ချက်များသည် ၂၀၂၅ နှစ်ကုန်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံရောက်ရှိရန် မျှော်မှန်းထားသဖြင့် ယခုနှစ်သည် ကဏ္ဍအတွက် အောင်မြင်မှုတစ်ခုအဖြစ် သတ်မှတ်ထားပြီး အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်မှုနှင့် သိပ္ပံနည်းပညာ ဆိုင်ရာအသုံးချမှုများကြောင့် ၎င်း၏ အထင်ကြီးလောက်သော တိုးတက်မှုကိုမီးမောင်းထိုးပြသည်။

Felix Technology Solutions JSC (FELIXTECH) ၏တည်ထောင်သူနှင့် CEO ဖြစ်သူ Nguyen Van Toan Co သည် ဤအောင်မြင်မှုသည် အစိုးရနှင့် ဝန်ကြီးဌာနများမှ ဈေးကွက်ရှာဖွေရန်နှင့် အတားအဆီးများကိုဖယ်ရှားရန်၊ ထုတ်လုပ်မှု၊ စီမံဆောင်ရွက်ခြင်း၊ ခြေရာခံနိုင်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့တွင် ခိုင်မာသောနည်းပညာအသုံးပြုမှုနှင့် ထောက်ပံ့ရေးကွင်းဆက်များ အားကောင်းလာစေရေးနှင့် စီးပွားရေးလုပ်ငန်းများနှင့် တောင်သူလယ်သမားများ၏ တက်ကြွစွာ ထိတွေ့ဆက်ဆံမှုတို့ကြောင့်ဖြစ်သည်ဟု ယူဆသည်။ ဤအချက်များအားလုံးသည် ယခုနှစ်တွင် ပို့ကုန်စံချိန်သစ်တစ်ခုရောက်ရှိရန်ကဏ္ဍအတွက် အခြေခံအုတ်မြစ်ကို ဖြစ်ပေါ်စေခဲ့သည်။

ဗီယက်နမ်သည် သစ်၊ ကော်ဖီ၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များမှ ဆန်၊ ပုစွန်နှင့် သီဟိုဠ်စေ့များအထိ ရိုးရာနှင့် ထွန်းသစ်စကဏ္ဍာနှစ်ခုစလုံးတွင် တိုးတက်မှုကို မှတ်တမ်းတင်ထားသည်။ ပို့ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ဗီယက်နမ် လယ်ယာထွက်ကုန်များသည် "ဈေးနှုန်းချိုသာပြီးပမာဏကိုမောင်းနှင်ခြင်း" မဟုတ်တော့ဘဲ "တန်ဖိုးမြင့်ပြီး စံချိန်စံညွှန်းများ ဆီသို့ကူးပြောင်းသွားသည်"ဟု Co မှ မှတ်ချက်ပြုသည်။

ဥရောပသမဂ္ဂ(EU)သည် အစားအစာဘေးကင်းရေး၊ ခြေရာခံနိုင်မှု၊ ပိုးသတ်ဆေးအကြွင်းအကျန်များနှင့် ကာဗွန် ထုတ်လွှတ်မှုများအတွက် တင်းကျပ်သောလိုအပ်ချက်များဖြင့် "အမြင့်ဆုံးစံဈေးကွက်" အဖြစ်ရှုမြင်သည်။ အီးယူသို့ ပို့ကုန် တန်ဖိုးတိုးလာခြင်းသည် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများသည် ထုတ်လုပ်မှု ယူနစ်ကုဒ်များကို တက်ကြွစွာတီထွင်ခဲ့ပြီး ခြေရာခံ နိုင်မှုကိုအားကောင်းစေကာ နက်ရှိုင်းသောလုပ်ငန်းစဉ်များတွင် အခိုင်အမာရင်းနှီးမြှုပ်နှံထားကြောင်း သက်သေပြနေသည်။ စီးပွားရေးအတိုင်ပင်ခံကုမ္ပဏီ ConsulTech ၏ ဒါရိုက်တာ Le Chau Hai Vu က ဗီယက်နမ်၏ လယ်ယာထွက်ကုန် ဈေးကွက် သည် ဥရောပနှင့် အာဖရိကသို့ သိသိသာသာကူးပြောင်းသွားနေပြီဖြစ်ပြီး ထုထည်နှင့် အရည်အသွေး နှစ်မျိုးစလုံးတွင် အားကောင်းလာကာ ဈေးကွက်ခွဲဝေမှုနှင့် ဗီယက်နမ်လယ်ယာထွက်ကုန်များ၏ ကမ္ဘာလုံးဆိုင်ရာ ရပ်တည်မှုကို မြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုများကိုရောင်ပြန်ဟပ်နေကြောင်းမှတ်ချက်ပြုခဲ့သည်။

ဟိုချီမင်းစီးတီးရှိ Thu Dau Mot University မှ E-commerce Training Program ၏ အကြီးအကဲ ဒေါက်တာ Phan Tan Luc က ယင်းသည် ဗီယက်နမ်အတွက် မဟာဗျူဟာမြောက်အချက်အချာဖြစ်ပြီး အစဉ်အလာဈေးကွက်များကို ကျော်လွန် ၍ ပိုမိုမြင့်မားသော စံချိန်စံညွှန်းများနှင့် အလားအလာရှိသော ဒေသများသို့ ကူးပြောင်းသွားကြောင်း ပြောကြားခဲ့သည်။ အရည်အသွေး၊ ဘေးကင်းမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ တင်းကြပ်သောလိုအပ်ချက်များဖြစ်သည့် EU သို့ ဗီယက်နမ် လယ်ယာတင်ပို့မှု၏ အားကောင်းလာမှုသည် ၎င်း၏တန်ဖိုးကွင်းဆက်များကို အဆင့်မြှင့်တင်ရန်နှင့် ခေတ်မီစေရန် ကဏ္ဍ၏ ကြီးထွားလာနိုင်စွမ်းကို မီးမောင်းထိုးပြနေသည်။ အာဖရိကသို့ ချဲ့ထွင်ခြင်းသည် ဈေးကွက်ကွဲပြားခြင်းတွင် ရေရှည်အမြင်ကို ပြသသည်။ ကမ္ဘာလုံးဆိုင်ရာဈေးကွက်တွင် ခြေကုပ်ယူမှုကို အားဖြည့်ရန်နှင့် ဈေးကွက်မတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်သည့် စွန့်စားရမှုများကိုလျှော့ချရန် အရေးကြီးသောခြေလှမ်းဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

စိုက်ပျိုးရေးနှင့် သစ်တောနှင့်ရေထွက်ကုန် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံ ကျော် မျှော်မှန်းထားကြောင်း၊ စိုက်ပျိုးရေးနှင့်သဘာဝပတ်ဝန်းကျင် ဒုဝန်ကြီး Phung Duc Tien ၏ ပြောကြားချက်အရ တစ်နှစ်ပြည့် ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံ စံချိန်တင်ရောက်ရှိရန် ခန့်မှန်းထားပြီး ယခုနှစ်အတွက် လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံမှ ၆၇ ဘီလီယံအထိ ကျော်လွန်သွားမည်ဖြစ်သည်။ Luc သည် ဤရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ချက်ချင်းနှင့် ရေရှည်အစီအမံများလိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ ပထမဦးစွာ အာရုံစူးစိုက်မှုအားနက်ရှိုင်းစွာ စီမံဆောင်ရွက်ခြင်း၊ အရည်အသွေးကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ချိန်ညှိခြင်း၊ EU၊ အရှေ့ အလယ်ပိုင်းနှင့် အာဖရိကရှိ ဈေးကွက်ရှာဖွေခြင်းနှင့် အစိမ်းရောင်၊ ခြေရာခံနိုင်မှု၊ ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး လိုအပ်ချက်များနှင့် စီးပွားရေးလုပ်ငန်း များကို ကူညီဖြည့်ဆည်းပေးခြင်းတို့ကို ဦးစွာအာရုံစိုက်သင့်သည်။ ရေရှည်ဖြေရှင်းနည်းများတွင် တန်ဖိုးကွင်းဆက်များနှင့် ဆက်စပ်သည့်ကြီးမားသောပစ္စည်းဇုန်များ ဖော်ဆောင်ခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် အအေးခန်းထောက်ပံ့ပို့ဆောင်ရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ မြို့ပတ်ရထား စိုက်ပျိုးရေးကိုမြှင့်တင်ခြင်းနှင့် ဗီယက်နမ်လယ်ယာထွက်ကုန်များအတွက် အမျိုးသား အမှတ်တံဆိပ်များ တည်ဆောက်ခြင်းတို့ပါဝင်သည်။ တစ်ချိန်တည်းတွင်၊ Co သည် ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုကို အရှိန်မြှင့် ရန်၊ ထုတ်လုပ်မှု ယူနစ်ကုဒ်များကို စံချိန်စံညွှန်းသတ်မှတ်ရေး၊ အပြည့်အဝ ခြေရာခံနိုင်စေရန် သေချာစေရန်၊ e-commerce၊ ထောက်ပံ့ပို့ဆောင်မှု၊ ငွေပေးချေမှုနှင့် ဘဏ္ဍာရေးတို့ကို ပေါင်းစပ်ကာ လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ဈေးကွက် များပိုမိုထိရောက်စွာဝင်ရောက်နိုင်ရန် ပံ့ပိုးပေးခြင်းစသည့် အဓိက အစီအမံများကို အဆိုပြုခဲ့သည်။ စပါး၊ သစ်၊ ကော်ဖီ၊ ဒူးရင်း၊ ငရုတ်ကောင်း၊ သီဟိုဠ်စေ့၊ ငါးနှင့် ထန်းငါးစသည့် ကဏ္ဍများ၏ တန်ဖိုးနှင့် ကမ္ဘာလုံးဆိုင်ရာ ရပ်တည်မှုကို မြှင့်တင်ရန် ရိတ်သိမ်းချိန်လွန်နည်းပညာကို မြှင့်တင်ရန်နှင့် နိုင်ငံတော် အမှတ်တံဆိပ်များ တည်ဆောက်ခြင်း၏ အရေးပါမှုကိုလည်း ၎င်းက အလေးပေး ပြောကြားခဲ့သည်။ ထောက်ပံ့ရေးကွင်းဆက်ကုန်ကျစရိတ်များကိုဖြတ်တောက်ရန် ထောက်ပံ့ပို့ဆောင်ရေး တိုးတက် ကောင်းမွန်ရေး၊ အအေးခန်းသိုလှောင်မှုနှင့် လယ်ယာထောက်ပံ့ပို့ဆောင်ရေး အချက်အချာကျသည့် နေရာများချဲ့ထွင်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရန် ဘက်စုံသယ်ယူပို့ဆောင်ရေးပေါင်းစပ်ခြင်း၊ EU၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းတခွင်တွင်

ဈေးကွက်ချဲ့ထွင်ခြင်း၊ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များ(FTAs)ကိုအပြည့်အဝအသုံးချပြီး ကုန်သွယ်မှုမြှင့်တင်ရေးစနစ်ကို ခေတ်မီအောင်လုပ်ဆောင်ခြင်းတို့ကိုလည်း အလေးပေးပြောကြားခဲ့သည်။ Vu သည် ပို့ကုန်ဝင်ငွေသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၀ ဘီလီယံ သို့မဟုတ် ၇၀ ဘီလီယံကျော်အထိ ရောက်ရှိနိုင်ကြောင်း အကောင်းမြင်မှုကို ပြသခဲ့သည်။ သို့သော်လည်း လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများသည် ပိုးသတ်ဆေးအကြွင်းအကျန်များကို တင်းကြပ်စွာ စောင့်ကြည့်သည့် ပို့ကုန်ဈေးကွက်များတွင် ရေရှည်ဆက်ဆံရေးကို ထိန်းသိမ်းရန် မိတ်ဖက်များနှင့် ၎င်းတို့၏ ယုံကြည်စိတ်ချရမှုကို ဦးစားပေးရမည်ဟု ၎င်းက မှတ်ချက်ပြုခဲ့သည်။ သူ၏အမြင်ကိုမျှဝေခြင်းဖြင့် Luc သည် ၂၀၂၅ ခုနှစ်၏ဒုတိယနှစ်ဝက်တွင် တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားရန် အလားအလာရှိကြောင်း၊ ဈေးကွက်အတက်အကျများနှင့်ပတ်သက်သည့် အန္တရာယ်များကို လျော့ပါးသက်သာစေရန်၊ နိုင်ငံတကာစံနှုန်း များကိုပြည့်မီရန်နှင့် ထောက်ပံ့ပို့ဆောင်ရေးကုန်ကျစရိတ်များကို လျှော့ချနိုင်သည်ဟု Luc မှရိပ်မိသည်။ ပေါ်ပေါက်လာသော အခွင့်အလမ်းများကို ထိရောက်စွာအသုံးပြုခြင်းနှင့် ပိတ်ဆို့မှုများကို အချိန်မီ ဖယ်ရှားခြင်းဖြင့်ဗီယက်နမ်၏စိုက်ပျိုးရေးလုပ်ငန်းသည် ၂၀၂၅ ခုနှစ်တွင်မကြုံစဖူးသော အောင်မြင်မှုများကို မှတ်သားနိုင်မည်ဖြစ်သည်။

source: https://www.doca.gov.mm,  Source:https://myantrade.gov.mm/article/naypyitaw_09122025%201341

## တရုတ်-ဗီယက်နမ် လေကြောင်းလိုင်းသစ်က အာဆီယံနိုင်ငံများနှင့်ဆက်ဆံရေးကို မြှင့်တင်ပေးလျက်ရှိ

Colorful Guizhou လေကြောင်းလိုင်းသည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်၏ မြို့တော် ကွေ့ရန်းနှင့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တို့ကို တိုက်ရိုက်ပြေးဆွဲသည့်လမ်းကြောင်း လိုင်းတစ်ခုကို စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ဒေသတွင်းခရီးသွားလာမှုနှင့်ကုန်သွယ်မှုအလျင်အမြန်ကြီးမားလာသည့်အာဆီယံဈေးကွက်အတွက် တရုတ်နိုင်ငံ၏လေကြောင်းချိတ်ဆက်မှုများကိုလည်း ပိုမိုတိုးချဲ့လျက်ရှိကြောင်း၊ လမ်းကြောင်းအချိန်ဇယားအရ ထွက်ခွာမည့် လေယာဉ်ခရီး စဉ် GY703 သည် ကွေ့ရန်းမှ ပေကျင်းစံတော်ချိန် ည ၁၀:၅၀ နာရီတွင်ထွက်ခွာပြီး ဟိုချီမင်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၁:၃၀ နာရီတွင် ဆင်းသက်မည်ဖြစ်ကြောင်း၊ အပြန်လေယာဉ်ခရီးစဉ် GY704 သည် ဒေသစံတော်ချိန် နံနက် ၂:၃၀ နာရီတွင် ထွက်ခွာပြီး ကွေ့ရန်းမြို့သို့ ပေကျင်းစံတော်ချိန် နံနက် ၇:၁၀ နာရီတွင်ရောက်ရှိမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းကြောင်းအသစ်ကို လေကြောင်းလိုင်း၏လက်ရှိ ကွေ့ရန်း-ဟန္တိုင်းဝန်ဆောင်မှုနှင့်အတူပြေးဆွဲမည်ဖြစ်သဖြင့် တရုတ်နိုင်ငံ၏ တောင်တန်းထူထပ်သောပြည်နယ်နှင့် ဗီယက်နမ်၏ အကြီးဆုံးမြို့နှစ်မြို့ကြား တိုက်ရိုက်ချိတ်ဆက်မှုများရရှိရန် ပိုမိုသေချာစေခဲ့ကြောင်း၊ အဆိုပါတိုးချဲ့ထားသော လေကြောင်းကွန်ရက်သည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းနှင့်အာဆီယံအကြား ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေးနှင့်သက်ဆိုင်သည့် ခရီးစဉ်များကို ပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်း အရာရှိများက ပြောကြားခဲ့သည်ဟု သိရသည်။

တရုတ်-အာဆီယံနိုင်ငံများအကြား လေကြောင်းချိတ်ဆက်မှုသည် မကြာမီလများအတွင်းမှစတင်၍ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံတောင်ပိုင်းရှိ ဟိုင်ခုံမြို့နှင့် ဗီယက်နမ်နိုင်ငံ၊ နာထရန်မြို့တို့ကို ဆက်သွယ်ပေးသော ခရီးသည်တင်လေကြောင်းလိုင်းတစ်ခုကို နိုဝင်ဘာလတွင်ဖွင့်လှစ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံအရှေ့ပိုင်းရှိ နန်ကျင်းမြို့နှင့် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တို့ကို ဆက်သွယ်ပေးသော ကုန်တင်ဝန်ဆောင်မှုကိုလည်း ယခင်လမှစတင်လည်ပတ်ခဲ့ကြောင်း၊ တရုတ်နှင့် အာဆီယံအကြား စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာဆက်ဆံမှုများ ခိုင်မာနေဆဲဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်မှစ၍ နှစ်စဉ်ကုန်စည်ကုန်သွယ်မှု သည် အမေရိကန်ဒေါ်လာ ၉၀၀ ဘီလီယံကျော် ကျော်လွန်ခဲ့ကာ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၈၂ ဒသမ ၁ ဘီလီယံအထိ စံချိန်တင်ရောက်ရှိခဲ့ကြောင်း၊ အဆိုပါတိုးတက်မှုလမ်းကြောင်းသည် ၂၀၂၅ ခုနှစ်တွင် ဆက်လက်ရှိနေဆဲဖြစ်ပြီး ပထမ ၁၀ လအတွင်း ကုန်သွယ်မှုတန်ဖိုးသည် ယခင်နှစ်ထက် ၈ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ Source: https://en.people.cn/n3/2025/1208/c90000-20399525.html

(ဒေါ်သင်းသင်းအောင်၊ စီးပွားရေးသံမှူး၊ ပေကျင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_12122025_14:30

## ၂၀၂၅ ခုနှစ်အတွင်း ၄ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မှုခန့်မှန်းချက်ဖြင့် ယူအေအီးနိုင်ငံ၏ စီးပွားရေးသည် ပင်လယ်ကွေ့ဒေသ၏အလားအလာတွင် ဦးဆောင်လျက်ရှိ

ယူအေအီးနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၅ ခုနှစ်အတွင်း ဒေသတွင်းပြိုင်ဘက်များထက် ကျော်လွန်နိုင်ရန် စီစဉ်ထားပြီး ကမ္ဘာ့ဘဏ်၏ ပင်လယ်ကွေ့ဒေသစီးပွားရေးနောက်ဆုံးထုတ်ပြန်ချက်တွင် နိုင်ငံသည် ကွဲပြားမှုနှင့်ဒစ်ဂျစ်တယ်အသွင်ပြောင်းမှု

များတွင် ၎င်း၏ရပ်တည်ချက်ကိုခိုင်မာစေရန် လုပ်ဆောင်လာသည်နှင့်အမျှ အမှန်တကယ် GDP တိုးတက်မှု ၄ ဒသမ ၈ ရာခိုင်နှုန်းရှိလာလိမ့်မည်ဟု ခန့်မှန်းဖော်ပြထားသည်။

ယနေ့ထုတ်ပြန်လိုက်သည့် ၂၀၂၅ ခုနှစ်၊ ဆောင်းဦးရာသီအစီရင်ခံစာတွင် ယူအေအီးနိုင်ငံ၏ ရေနံနှင့် ရေနံမဟုတ်သော ကဏ္ဍများတွင် ဟန်ချက်ညီသောတိုးချဲ့မှုအားမီးမောင်းထိုးဖော်ပြထားပြီး ၎င်း၏ပို့ကုန်အခြေခံများအားချဲ့ထွင်ရာတွင်ဆက်လက် အောင်မြင်နေမှုကို ထောက်ပြထားသည်။ ကမ္ဘာ့ဘဏ်သည် ဆော်ဒီအာရေဗျအတွက် ၃ ဒသမ ၈ ရာခိုင်နှုန်း၊ ဘာရိန်းအတွက် ၃ ဒသမ ၅ ရာခိုင်နှုန်း၊ အိုမန်အတွက် ၃ ဒသမ ၁ ရာခိုင်နှုန်း၊ ကာတာအတွက် ၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ကူဝိတ်အတွက် ၂ ဒသမ ၇ ရာခိုင်နှုန်း အပါအဝင် GCC နိုင်ငံများတစ်လျှောက် တိုးတက်မှုများကိုလည်း ခန့်မှန်းထားသည်။

အစီရင်ခံစာတွင် ဒေသတွင်း စီးပွားရေးလမ်းကြောင်းကို ပုံဖော်ပေးသည့် အဓိကထောက်တိုင် သုံးခု ကို ဖော်ပြထား သည်။ ၎င်းတို့တွင် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ကွဲပြားမှုညွှန်းကိန်းများ၏ ဆင့်ကဲဖြစ်စဉ်၊ မက်ခရိုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု များနှင့် ပင်လယ်ကွေ့၏ မြန်ဆန်သော ဒစ်ဂျစ်တယ် အသွင်ပြောင်းလဲမှုများ စသည်တို့ပါဝင်သည်။

GCC နိုင်ငံများသည် ကွဲပြားမှုအပိုင်းတွင် အသင့်အတင့်တိုးတက်မှုကိုရရှိထားပြီး မကြာသေးမီနှစ်များအတွင်း ပိုမို အား ကောင်းသောလက္ခဏာများ ပေါ်ပေါက်လာခဲ့သည်။ ဒစ်ဂျစ်တယ်ပြောင်းလဲမှုကို ကျယ်ပြန့်သော 5G လွှမ်းခြုံမှု၊ သင့်တင့်မျှတ သောကုန်ကျစရိတ်ရှိ မြန်နှုန်းမြင့်အင်တာနက်အပြင် ဒေတာစင်တာများနှင့် မြင့်မားသောစွမ်းဆောင်ရည်ရှိသည့် ကွန်ပျူတာ များတွင်အဓိကရင်းနှီးမြှုပ်နှံမှုများကိုပံ့ပိုးပေးထားပြီးသိသာထင်ရှားမှုရှိကြောင်းဖော်ပြထားသည်။ယူအေအီးနှင့် ဆော်ဒီအာရေဗျ နိုင်ငံများတို့သည် ဒေသတွင်းနှင့်နိုင်ငံတကာတို့၌ AI အသင့်ဖြစ်မှုတွင် ဦးဆောင်သူများအဖြစ် အသိအမှတ်ပြု ခြင်းခံထားရသည်။

GCC နိုင်ငံများ၏ ကမ္ဘာ့ဘဏ်ဌာနခွဲ ညွှန်ကြားရေးမှူး Safaa El Tayeb El Kogali က ကွဲပြားမှုနှင့် ဒစ်ဂျစ်တယ် အသွင်ပြောင်းလဲမှုသည် ရေရှည်တည်ငြိမ်မှုအတွက် မရှိမဖြစ်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ဒေသတွင်း၏ ခိုင်မာသော အခြေခံအဆောက်အအုံနှင့် တိုးတက်နေသော AI စွမ်းရည်များသည် ပင်လယ်ကွေ့ စီးပွားရေးများအား ရေရှည်တည်တံ့သော တိုးတက်မှုအတွက် ကောင်းမွန်သောအနေအထားတွင်ရှိနေစေကြောင်း သူမက ထောက်ပြခဲ့သည်။

အစီရင်ခံစာတွင် ပင်လယ်ကွေ့ဒေသတစ်ဝှမ်းရှိ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာ(STEM) နယ်ပယ်များတွင် အမျိုးသမီးများ၏ပါဝင်မှုသည် ကမ္ဘာလုံးဆိုင်ရာပျမ်းမျှထက် ကျော်လွန်လျက်ရှိပြီး ဒေသတွင်း၏ ဒစ်ဂျစ်တယ်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးကြောင်းလည်း မီးမောင်းထိုးဖော်ပြထားသည်။ SME လုပ်ငန်းများအတွက် AI နည်းပညာရပ်များကို လက်ခံကျင့်သုံး ခြင်းနှင့် အလုပ်သမားဈေးကွက်ကွာဟ ချက်များကိုဖြည့်ဆည်းရန်နှင့် ဆက်လက်ပြောင်းလဲလျက်ရှိသော အသွင်ပြောင်းလဲမှု၏ အကျိုးကျေးဇူးများကို အများဆုံးရရှိကြစေရန်အတွက် အလုပ်သမားသင်တန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုပြုလုပ်နိုင်ရန် အကြံပြုဖော်ပြထားသည်။ News Source: Emirates News Agency, (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_10122025_14:07

## ဗီယက်နမ်နှင့် ဈေးကွက်ဝေစုယှဉ်ပြိုင်နိုင်ရေး ဖိလစ်ပိုင်၏ အုန်းသီးထုတ်ကုန်များ တန်ဖိုးမြှင့်ရန် လိုအပ်

နိုင်ငံတကာ အုန်းသီးထုတ်ကုန်တင်ပို့မှုလုပ်ငန်း၌ ဗီယက်နမ်သည် ဈေးကွက်ဝေစု တစ်ဖြည်းဖြည်းရရှိလာသဖြင့် အုန်းသီးထုတ်ကုန်များကို ကမ္ဘာနှင့်အဝန်းဦးဆောင်တင်ပို့နေသော ဖိလစ်ပိုင်အနေဖြင့် ဈေးကွက်ဝေစုယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်ထိန်းသိမ်းရန်အတွက် တန်ဖိုးမြှင့်အုန်းသီးထုတ်ကုန်များသို့ ပြောင်းလဲထုတ်လုပ်တင်ပို့သင့်ကြောင်း ပညာရှင်တစ်ဦး က ပြောကြားထားသည်။

ဖိလစ်ပိုင်သည် အမေရိကန်ပြည်ထောင်စုကဲ့သို့သောနိုင်ငံများအား အုန်းသီးနှင့် အုန်းသီးထုတ်ကုန်များကို အဓိကတင်ပို့ လျက်ရှိသော်လည်း အဓိကအချက်နှစ်ချက်ဖြစ်သည့်မဟာဗျူဟာစီးပွားရေးတိုးတက်မှုနည်းလမ်းလိုအပ်ချက်နှင့် ဈေးကွက်ဝေစု ယှဉ်ပြိုင်ဘက်များအား မျက်ခြည်မပြတ်စောင့်ကြည့်ခြင်းစသည်တို့ကိုပြုလုပ်ရန်လိုအပ်ကြောင်း Euromonitor International မှ Sowmya Ramaswami က ပြောကြားထားသည်။

Ms. Ramaswami က အုန်းသီးထုတ်ကုန်များသည် အီလက်ထရောနစ်မဟုတ်သော ကုန်စည်များမှ ပို့ကုန်ဝင်ငွေ အများဆုံးရှာဖွေသည့် နိုင်ငံများအကြား အပြိုင်အဆိုင်တင်ပို့နေသည့် ကုန်စည်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာတွင် အုန်းသီး ထုတ်ကုန်များကို ဝယ်ယူလိုမှုများပြားလျက်ရှိနေပြီး အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံများတွင် အုန်းသီး ထုတ်ကုန်ဝယ်လိုအား ဆက်လက်မြင့်တက်လျက်ရှိကြောင်း၊ သို့သော်လည်း အုန်းသီးသည် ဗီယက်နမ် အစားအစာကဏ္ဍတွင်

အခိုင်အမာ နေရာယူလာခြင်း၊ အစားအစာအပြင် အခြားနေရာများတွင်ပါ အသုံးပြုမှုများပြားလာခြင်း၊ အုန်းသီးနှင့်စပ်လျဉ်း၍ ကျန်းမာရေးအသိပညာဗဟုသုတမြင့်မားလာခြင်း၊ ဟင်းသီးဟင်းရွက်ဦးစားပေး ကိုယ်အလေးချိန် ထိန်းသိမ်းသည့် စားသောက်မှုပုံစံများ များပြားလာခြင်း စသည်တို့ကြောင့် ဗီယက်နမ်သည် အုန်းသီးတင်ပို့မှုတွင် နေရာအခိုင်အမာဖြင့် ရပ်တည်လျက်ရှိရာ ဖိလစ်ပိုင်သည် ကျေနပ်ဖွယ်ရာတင်ပို့မှုကို မပြုလုပ်နိုင်ကြောင်း၊ ယခုအခါ ဗီယက်နမ်သည် အဓိကဈေးကွက်များတွင် အုန်းသီးတင်ပို့မှု ၂၀ ရာခိုင်နှုန်းနီးပါးရှိပြီး၊ ဖိလစ်ပိုင်၏ အဓိက ယှဉ်ပြိုင်ဘက်အဖြစ် ရပ်တည်နေကြောင်း၊ အမေရိကန်ပြည်ထောင်စုဈေးကွက်တစ်ခုတည်းမှာပင် လွန်ခဲ့သည့် သုံးနှစ် မှ ငါးနှစ် အတွင်းတင်ပို့မှုသိသာစွာမြင့်တက်ခဲ့ကြောင်း၊ အမေရိကန်၏ အကောက်ခွန်စည်းကြပ်မှု တိုးမြှင့်ထားသည့်ကြားမှာပင် ဗီယက်နမ်၏ တင်ပို့မှုများသည် ဆက်လက်မြင့်တက်လျက်ရှိကြောင်း ပြောကြားထားသည်။

ဗီယက်နမ်၏ ထုတ်လုပ်မှုကွင်းဆက်အပေါ် လျင်မြန်စွာပြန်လည်ချိန်ညှိနိုင်မှု၊ ပို့ကုန်အမည်စုံ ချဲ့ထွင်တင်ပို့နိုင်မှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များအပေါ် အလေးပေးဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မူဝါဒများအား ဦးစားပေးရေးဆွဲ ဆောင်ရွက်တတ်မှုစသည်တို့ကို Ms. Ramaswami ကဖော်ထုတ်ချီးမွမ်းထားသည်။

ဖိလစ်ပိုင်အနေဖြင့် ဈေးကွက်အသစ်များတွင် ကောင်းမွန်ပြည့်ဝသည့် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံခြင်းအား ဖော်ဆောင်ခြင်းဖြင့် အုန်းသီးတင်ပို့မှုများအားမြှင့်တင်ဆောင်ရွက်ခြင်း၊ စားသုံးသူစိတ်ကြိုက်ဖြစ်စေမည့် ထုတ်ကုန်များအား တီထွင်ထုတ်လုပ်ခြင်း၊ ကုန်ကြမ်းများအား ပိုမိုအဆင့်မီသည့် တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်အောင် ပြုပြင်ထုပ်ပိုးခြင်းစသည်တို့ ကို စည်းစနစ်ကျစွာ မြှင့်တင်ဆောင်ရွက်သင့်ကြောင်း၊ အုန်းသီးအခြေခံထုတ်ကုန်များအတွက် ရေ့ပြေးမျက်နှာစာအသစ် ဖွင့်လှစ်ခြင်းကို အလေးထားဆောင်ရွက်သင့်ကြောင်း အကြံပြုပြောကြားထားသည်။

ကျန်းမာရေးအထောက်အကူပြု ဟင်းသီးဟင်းရွက်များကို ရွေးချယ်ဝယ်ယူစားသောက်မှု မြင့်တက်ခြင်းကြောင့် ပို့ကုန်အမည်စုံ ဦးစားပေးတင်ပို့နိုင်သည့် အခွင့်အလမ်းကို ဖန်တီးပေးနိုင်ပြီး၊ အထူးသဖြင့် မုန့်လုပ်ငန်းနှင့် အာဟာရစားသောက်ကုန် အမှတ်တံဆိပ်များတွင် အုန်းသီးအား အမှုန့်နှင့် အခြားပုံစံများဖြင့် အသုံးပြုလာကြကြောင်း Euromonitor ၏ လေ့လာမှုတစ်ရပ်တွင် ဖော်ပြထားသည်။

စားသုံးသူများအနေဖြင့် အလှကုန်ပစ္စည်းများတွင် အုန်းသီးထုတ်ကုန်များကို တောင်းဆိုမှုများရှိလာပြီး၊ အုန်းရည်၊ စစ်မှန်သည့်အုန်းဆီ၊ နို့ထွက်ပစ္စည်းအစားထိုးထုတ်ကုန်များဖြစ်သည့် အုန်းနို့နှင့် အုန်းအနှစ်၊ သွားရည်စာမုန့်ပြုလုပ်ရန်အတွက် အုန်းခြောက်ဖတ်နှင့် သဘာဝအချိုအရသာအဖြစ် အုန်းသကြားစသည်တို့ကဲ့သို့သော ကျန်းမာရေးအထောက်အကူပြု အစားအစာများကို တိုးချဲ့အသုံးပြုလာကြောင်း သိရသည်။

Source: Manila Standard, December 8, 2025 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/60483

## ၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ Geographical Indication (GI) ထုတ်ကုန်များမှ ဝင်ငွေ ဘတ် ၁၁၄ ဘီလီယံရရှိခဲ့

ထူးခြားပြီးသီးခြားဖြစ်သည့် အရည်အသွေးမီပြည်တွင်းထုတ်ကုန်များကို စားသုံးသူများက ရှာဖွေလာသည်နှင့်အမျှ ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ Geographical Indication(GI)ထုတ်ကုန်များမှ ဝင်ငွေဘတ် ၁၁၄ ဘီလီယံကျော်ရရှိခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “GI products rake in over B114bn this year” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

မူပိုင်ခွင့်ဦးစီးဌာနက ယခုနှစ်အတွင်း GI မှတ်ပုံတင်ခြင်း၊ အရည်အသွေးထိန်းချုပ်ခြင်း၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များသို့ ဈေးကွက်ရှာဖွေ ရေးမြှင့်တင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းရှင်များနှင့် ပြည်သူများကို GI ထုတ်ကုန်ဆိုင်ရာ အသိပညာများမျှဝေပေးခြင်းတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ GI ထုတ်ကုန်အရေအတွက် ၂၄၄ ခုကို မှတ်ပုံတင်ထားပြီးဖြစ်ရာ တန်ဖိုးအားဖြင့် ဘတ် ၁၁၄ ဘီလီယံဖြစ် ကြောင်း၊ GI ထုတ်ကုန်များသည် ဒေသခံပြည်သူများအတွက်အရေးပါပြီး ယင်းဒေသရှိ ထူးခြားသောပုံရိပ်ဖြစ်ကြောင်း၊ GI ထုတ်ကုန်များမှတ်ပုံတင်ခြင်းအတွက် အရည်အသွေးထိန်းချုပ်ခြင်းနှင့်စံနှုန်းများကိုတင်းကျပ်လိုက်ခြင်းဖြင့် စားသုံးသူများ၏ ယုံကြည်မှုကိုတိုးပွားစေပြီး ၎င်းတို့၏ မျှော်မှန်းချက်နှင့်ကိုက်ညီသဖြင့် ဈေးနှုန်းအမြင့်ကိုရရှိစေကြောင်း၊ ဒေသခံများအတွက် အလုပ်အကိုင်နှင့်ဝင်ငွေကိုလည်းတိုးစေကြောင်း မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Auramon Supthaweethum က ပြောကြားခဲ့သည်။

ယခုနှစ်ရရှိသည့် ဝင်ငွေတွင် ပါဝင်သည့် ထိပ်တန်း GI ထုတ်ကုန်များမှာ တာရက်ပြည်နယ် Monthong Khao Bantad ဒူးရင်းသီး၊ ယလာပြည်နယ်မှ Sa Ded Nam ဒူးရင်းသီး၊ ရယောင်းမှ Mon-thong ဒူးရင်းသီး၊ Khao Hom Mali Din Phu Kao Fai Buri Ram ဆန်၊ ပရာကျွန်ခီရီခန်မှ Thap Sakae အုန်းသီး၊ Phrae Spirit၊ ပတ်ချာဘွန်မန်ကျည်းသီးချို၊ စီစခတ်ကြက်သွန်၊ ရတ်ချာဘူရိမှ Bang Phae ရေချိုပုစွန်ကြီးနှင့် နရသီဝတ်မှ Bang Nara ဒူးရင်းသီးတို့ဖြစ်ကြောင်း၊ GI ထုတ်ကုန် ၂၀၃ မျိုးကို အရည် အသွေးထိန်းချုပ်ထားပြီး လုပ်ငန်းရှင် ၁၆,၀၀၀ သည် ထိုင်း GI အမှတ်တံဆိပ်အသုံးပြုခွင့်ရရှိထားကြောင်း၊ GI ထုတ်ကုန် အားလုံးအပေါ် အရည်အသွေးထိန်းချုပ်နိုင်ရေး ကြိုးစားလျက်ရှိကြောင်း၊ ယင်းစနစ်အရ ထုတ်ကုန်စံနှုန်းများကို တင်းကျပ်ထား ပြီး အပြည့်အဝနောက်ကြောင်းပြန်လိုက်နိုင်သဖြင့် ထုတ်လုပ်မှုပမာဏကိုလည်း ထိန်းချုပ်ထားနိုင်ရာ ရလဒ်အဖြစ် ထုတ်ကုန်၏ ရောင်းဈေးသည် GI မှတ်ပုံတင်ပြီးပါက ၂ ဆ မှ ၅ ဆအထိမြင့်တက်လာပါကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြော ကြားခဲ့သည်။

ဦးစီးဌာနအနေဖြင့် စားသောက်ဆိုင်များနှင့် ပူးပေါင်း၍ GI ထုတ်ကုန်များပါဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဟင်းချက် သင်တန်းကျောင်းများမှ ပို့ချသည့်သင်ခန်းစာများတွင် GI ပါဝင်ပစ္စည်းများ အသုံးပြုပုံကို သင်ကြားနိုင်ရေး ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများရှိ စီးပွားရေးသံမှူးများက ဈေးကွက်များကို လေ့လာသုံးသပ်၍ ထိုင်း GI ထုတ်ကုန်များကို အဆင့်မြင့်စားသုံးသူများ၏ လိုလားချက်များနှင့်ကိုက်ညီရန်၊ ထုတ်လုပ်သူများအတွက် အမှာစာပုံမှန်ရရှိရန်နှင့် GI ထုတ်ကုန်များ ၏ တန်ဖိုးမြင့်တက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း Mrs. Auramon က ဖြည့်စွက်ပြောကြားခဲ့သည်။

Source: www.bangkokpost.com , (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15122025_13:40

## ပြည်တွင်းကုန်သွယ်မှုသတင်း

### စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၃/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၃/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့၊ ၁၃ : ၀၀ နာရီအချိန်တွင် ရုံးအမှတ် ၃၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ ၂ ၌ ကျင်းပပြုလုပ်ခဲ့ရာ အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှု မြှင့်တင်ရေးကောင်စီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးချစ်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အမှာစကား ပြောကြားရာ၌ အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ လုပ်ငန်းတာဝန်တွင် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကိုရှေးရှုသော ရေတိုရေရှည်မဟာဗျူဟာနှင့် နည်းဗျူဟာများရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ထိန်းကျောင်းလမ်းညွှန်မှုပြုရန် ဖော်ပြထားရှိရာကောင်စီအဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့်လုပ်ငန်းစီမံချက်( Plan of Action ) များကို ပြင်ဆင်ရေးဆွဲထားသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ နှင့် လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်သောပို့ကုန်များ ပိုမိုတင်ပို့နိုင်ခြင်းသည် ထုတ်ကုန်ထုတ်လုပ်သောနိုင်ငံသား တို့၏စွမ်းဆောင်ရည်မြင့်တက်လာခြင်းကြောင့်ဖြစ်၍ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ ကုန်ထုတ်လုပ်သည့် စက်ယန္တရားများ ကောင်းမွန်ရေးနှင့် ထုတ်လုပ်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် နိုင်ငံတော်မှ ချေးငွေများ ပေးအပ်ခြင်း၊ စက်ယန္တရားများ တင်သွင်းခွင့်ပြုခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်အောင် စီမံခြင်းတို့ကို ကွင်းဆက် လုပ်ငန်းစဉ်တစ်ခုအနေဖြင့် စီမံပေးလျက်ရှိကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် ကဏ္ဍအလိုက် ချိတ်ဆက်မိအောင် ပံ့ပိုးပေးကြရန် လိုအပ်ကြောင်း၊ ကဏ္ဍများအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှု မြှင့်တင်ရေးကို ရှေးရှုပြီး လိုအပ်သည့်လမ်းညွှန်မှုများကို အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီက ပံ့ပိုးပေးသွားမှာဖြစ် ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး၊ အတွင်းရေးမှူး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏(၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေးကောင်စီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှုများကိုဆွေးနွေးတင်ပြမှုများအပေါ် အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးဟန်ဝင်းအောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှု မြှင့်တင်ရေးကောင်စီအဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

Source: https://myantrade.gov.mm/event/Naypyitaw_STP%2010.12.2025%2012:00%20pm

## ပြည်ပကုန်သွယ်မှုသတင်း

**ဒေသတွင်းစီးပွားရေးလမ်းကြောင်းငါးခုကို ဆက်သွယ်ပေးမည့် ရနောင်းဆိပ်ကမ်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းကို စတင်**

ထိုင်းနိုင်ငံ၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့သည် တရုတ်၊ လာအို၊ ထိုင်း၊ မြန်မာနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့်ထောက်ပံ့ပို့ဆောင်ရေး ချိတ်ဆက်မှုများကိုမြှင့်တင်ရန် ရနောင်းဆိပ်ကမ်းတွင် ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းကိုစတင်ခဲ့ကြောင်း၊ ယင်းစီမံကိန်း၏ ပထမဆုံး ကုန်သင်္ဘောသည် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ဦးတည်ခဲ့ကြောင်း၊ ၎င်းသည် တရုတ်၊ လာအို၊ ထိုင်း၊ မြန်မာနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများကို ချိတ်ဆက်ပေးမည်ဖြစ်ပြီး၊ ရနောင်းဆိပ်ကမ်းကို အန်ဒမန်ပင်လယ်၏ အဓိကရေကြောင်းကုန်သွယ်ရေးဗဟိုချက်အဖြစ် ပြောင်းလဲရာတွင် အရေးပါသည့်ခြေလှမ်းတစ်ခုဖြစ်သည်။

စီမံကိန်း၏ ရည်ရွယ်ချက်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊ မီးရထားလမ်းနှင့် ပင်လယ်ရေကြောင်းထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ချိတ်ဆက်ပေးခြင်းဖြင့် အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတို့တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန် ဖြစ်သည်။ ထို့ပြင် ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုအတွက် ပွင့်လင်းမြင်သာမှုရှိပြီး ခေတ်မီ၍ ရေရှည်တည်တံ့သော အခြေခံအဆောက်အဦတစ်ခု တည်ဆောက်ခြင်းဖြင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုပေးသူများ၊ သင်္ဘောလိုင်းများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ယုံကြည်မှုကိုမြှင့်တင်ရန် ရည်ရွယ်သည်။

ရနောင်းဆိပ်ကမ်းသည် ထိုင်းနိုင်ငံ၊ အန်ဒမန်ပင်လယ်ကမ်းရိုးတန်းရှိ တစ်ခုတည်းသော အများပိုင်ဆိပ်ကမ်းဖြစ်ပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံများသို့ ဝင်ပေါက်အဖြစ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို မိတ်ဆက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းအသစ်များကို ဖော်ဆောင်ပေးမည်ဖြစ်သည်။ ထိုင်းဆိပ်ကမ်းအာဏာပိုင်အဖွဲ့သည် ရနောင်းဆိပ်ကမ်းကို ဒေသတွင်းနှင့် ကမ္ဘာ့လုံးဆိုင်ရာ စီးပွားရေးချိတ်ဆက်မှုများကို အထောက်အကူပြုမည့် ခေတ်မီ၍ ရေရှည်တည်တံ့သော ထောက်ပံ့ပို့ဆောင်ရေး ဗဟိုချက်အဖြစ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ထားသည်။ ဘက်စုံသုံးလမ်းကြောင်းသစ်သည် ရန်ကုန်(မြန်မာ)၊ စစ်တကောင်း(ဘင်္ဂလားဒေ့ရှ်)၊ ချန်နိုင်း(အိန္ဒိယ)၊ ကိုလံဘို(သီရိလင်္ကာ) စသည့် ဆိပ်ကမ်းများသို့ ရေကြောင်းပို့ဆောင်ချိန်ကို သိသိသာသာလျှော့ချပေးသည်။ ယခင်က ၎င်းနေရာများသို့ ပို့ဆောင်ရာတွင် ၁၄ ရက်မှ ၂၁ ရက်အထိ ကြာမြင့်ခဲ့သောကြောင့် ၎င်းစနစ်အသစ်သည် ကုန်ကျစရိတ်များကိုလျှော့ချရန်၊ လုပ်ငန်းလည်ပတ်မှု ပြောင်းလွယ်ပြင်လွယ်ရှိရေးနှင့် ထိုင်းနှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများကို ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရရှိစေမည်ဖြစ်သည်။ ၎င်းစီမံကိန်းကို Thai Transport Center Co., Ltd. မှ ပံ့ပိုးပေးထားပြီး၊ အဓိကမိတ်ဖက်များအဖြစ် SCG JWD Logistics Public Co., Ltd.၊ မြန်မာနိုင်ငံမှ Ever Flow River Group Public Co., Ltd. နှင့် SPT Smart Creation Co., Ltd တို့က ပူးပေါင်းဆောက်ရွက်လျက်ရှိသည်။ ၎င်းလမ်းကြောင်းသစ် စတင်မှုသည် အန်ဒမန်ပင်လယ်နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများတွင် ထိုင်းနိုင်ငံကို ဦးဆောင်ကုန်သွယ်ရေးဗဟိုချက်အဖြစ်တည်ဆောက်ရန် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအားကောင်းလာခြင်းကိုဖော်ပြနေသည်။ ရင်းမြစ်။www.nationthailand.com, Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_11122025%201036

## ပြည်ပပို့ကုန်ဈေးကွက်တွင် အရောင်းအဝယ်သွက်နေသည့် မြန်မာ့ပို့ကုန် ပုစွန်အမျိုးမျိုး

မြန်မာ့ရေသယံဇာတထွက်ကုန်များကို ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပပို့ကုန်မှ နိုင်ငံခြားငွေရရှိရန် ရေချို မွေးမြူမှုနှင့် ရေငန်ဖမ်းဆီးမှုတို့ဖြင့် ထုတ်လုပ်ဖြန့်ချိတင်ပို့လျက်ရှိရာ ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ရေငန်တိုက်ဂါးပုစွန်များ တစ်ပိဿာငွေကျပ် နှစ်သိန်း ခန့်ဖြင့် ပြည်ပပို့ကုန်ဈေးကွက်တွင် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းရာသီပိတ်သိမ်းမည့် မေလ ၁ ရက်မတိုင်မီ ငါးဖမ်းစက်လှေများဖြင့် ရန်ကုန်မြို့ရှိ စံပြ ငါးဈေး၊ ရွှေပိတောက်ငါးဈေးနှင့် အခြားသောဆိပ်ကမ်းများသို့ ရေငန်ပုစွန်နှင့် ပင်လယ်ငါး မျိုးစုံဝင်ရောက်ခဲ့သည်။

"မြန်မာနိုင်ငံကထွက်ရှိတဲ့ တိုက်ဂါးပုစွန်နဲ့ ပနားမီးပုစွန်ဖြူကို ပြည်ပဈေးကွက်တင်ပို့နိုင်တဲ့အတွက် နိုင်ငံခြားဝင်ငွေရရှိ နေပါတယ်။ ရေခံမြေခံကောင်းတဲ့ မြန်မာနိုင်ငံမှာ ရေရှည်ထုတ်ယူသုံးစွဲမယ်ဆိုရင် အကောင်းဆုံးမွေးမြူရေးကျင့်စဉ်တွေကို သိရှိနားလည်ဖို့လိုပါတယ်။ တစ်ချိန်က တိုက်ဂါးပုစွန်ကို မျိုးထိန်းပြီး မျိုးကိုရောင်းချနိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့သလို ယနေ့ အချိန်မှာလည်း အဲဒီလို ပြန်လည်ဖော်ဆောင်ဖို့လိုပါတယ်။ ဒါမှသာ ပင်လယ်ပြင်ရေသယံဇာတ အဝါရောင်အဆင့် မရောက် အောင် ထိန်းသိမ်းကာကွယ်နိုင်မှာပါ။ မြန်မာနိုင်ငံဟာ ရေခံမြေခံကောင်းတဲ့အတွက် သဘာဝနဲ့လိုက်လျောညီထွေပြီး မျိုးစိတ်ကို ထိန်းနိုင်တဲ့ မွေးမြူထုတ်လုပ်မှုကိုဆောင်ရွက်သွားမယ်ဆိုရင် မြန်မာ့ရေထွက်ကုန် ပို့ကုန်ကဏ္ဍဟာ နှစ်ဆတင်ပို့နိုင်မှာပါ" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

မြန်မာ့ပင်လယ်ပြင်မှရရှိသည့် တိုက်ဂါးပုစွန်နှင့် မြိတ်ကျွန်းစုတွင် မွေးမြူထုတ်လုပ်လျက်ရှိသည့် ပနားမီးပုစွန်ဖြူတို့ကို ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး ပင်လယ်ပြင်မှ ဖမ်းဆီးရရှိသည့် အနီရောင်တိုက်ဂါးပုစွန်ကို ပြည်ပလေးနိုင်ငံသို့ တင်ပို့လျက်ရှိကာ မြိတ်ကျွန်းစုတွင်မွေးမြူသည့် ပနားမီးပုစွန်ဖြူအား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသည်။

ပင်လယ်ပြင်မှ ဖမ်းဆီးရမိသောတိုက်ဂါးပုစွန်များကိုရန်ကုန်မြို့ရှိအအေးခန်းစက်ရုံများတွင်အေးခဲပြီး တရုတ်၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယားသို့ အဓိကတင်ပို့လျက်ရှိသည်။ ငါးဖမ်းရာသီ မေလနှင့် ဇွန်လ နှစ်လတာ ပိတ်ထားချိန်၌ အအေးခန်း စက်ရုံများတွင် သိုလှောင်ထားရှိသည့် တိုက်ဂါးပုစွန်များ ပြည်ပမှ မှာကြားမှုအပေါ်မူတည်၍ တင်ပို့လေ့ရှိပြီး ငါးဖမ်းရာသီ ပိတ်သိမ်းချိန်၌ ပုစွန်ပို့ကုန်မှာ ဈေးကောင်းရလေ့ရှိကြောင်း သိရသည်။

ရေထွက်ကုန်များ ပြည်ပသို့တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပုစွန် ၉၁၄၆ ဒသမ ၆၁၅ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ မြန်မာ့ပင်လယ် ပြင်မှ ဖမ်းဆီးရရှိသည့် ဝိုက်ပုစွန်၊ ပင့်ပုစွန်နှင့် ရွှေလီပုစွန် တို့ကိုလည်း ပြည်ပသို့တင်ပို့လေ့ရှိပြီး အရသာ ကောင်းမွန်သော အနီရောင်တိုက်ဂါး ပုစွန်များကို ပြည်ပနိုင်ငံ များနှစ်ခြိုက်ကြ၍ ဈေးကောင်းရသော ရေထွက်ကုန်တစ်ခု အဖြစ် ရေငန်ပုစွန်ဈေးကွက်၌ နေရာရလျက်ရှိကြောင်း သိရသည်။ Source:https://www.doca.gov.mm/my/node/60345

## ယခုနှစ်အတွင်း ပြည်ပသို့ ထောပတ်သီးတန်ချိန် ၅၀၀၀ ခန့်တင်ပို့နိုင်ရန် မျှော်မှန်းထား

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ထောပတ်သီးများကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေပြီး ယခုနှစ်အတွင်း ပြည်ပသို့ တန်ချိန် ၅,၀၀၀ ခန့်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ သိရသည်။

ပြည်တွင်းက စိုက်ပျိုးထွက်ရှိတဲ့ ထောပတ်သီးတွေကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် ဈေးကွက်ကို အဓိကတင်ပို့၍ တခြားဈေးကွက်ကို အနည်းငယ်တင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်အနေနဲ့ဖြင့် ထိုင်းနိုင်ငံကို အဓိကတင်ပို့ ကြောင်း မြန်မာနိုင်ငံထောပတ်သီး တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။ ထိုသို့တင်ပို့ရာတွင် ထောပတ်သီး အလုံးလိုက် တင်ပို့ခြင်းဖြစ်ကာ လတ်တလောတွင် အရည်အသွေးနှင့် အရွယ်အစားအလိုက် ဈေးနှုန်းအသီးသီး ရရှိနေကြောင်း သိရသည်။

ပြည်တွင်း၌ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်းထောပတ်သီးထွက်လေ့ရှိကာHass ထောပတ်သီးအပြင် Buccaneer၊ 034၊ Booth 7 နှင့် အမရာစသည့် ထောပတ်သီးမျိုးများကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ထောပတ်သီး ရာသီတွင် မြန်မာနိုင်ငံမှအေးခဲထောပတ်သီးတန်ချိန် ၂၀၀ ခန့်ကို အိန္ဒိယနိုင်ငံသို့တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အိန္ဒိယနိုင်ငံသို့ နမူနာပေးပို့ရန်၊ မြန်မာ့ထောပတ်သီးကို အိန္ဒိယနိုင်ငံသို့တင်ပို့ ရာတွင် အိန္ဒိယနိုင်ငံ၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အိန္ဒိယနိုင်ငံဘက်မှပံ့ပိုးပေးရန် နှစ်နိုင်ငံဆွေးနွေးမှုများပြုလုပ်ခဲ့ ကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/60304

## ဆန်၏အရသာနှင့် ပင်ရင်းကို အခြေခံ၍ 'Exquisite Rice' အမှတ်တံဆိပ်ကို ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့

